ミャンマー語

Kurume City တွင်နေထိုင်သော နိုင်ငံခြားသားများအားလုံးအတွက်

# နေထိုင်မှုဘဝလမ်းညွှန်စာအုပ်

မြန်မာဘာသာ




Kurume City ၏

ကိုယ်စားပြုဇာတ်ကောင်

くるっぱ

## အကြောင်းအရာများ

1. အခက်အခဲတွေ့သည့်အခါ ဆွေးနွေးနိုင်သည့်နေရာ
2. နိုင်ငံခြားသားများအတွက် နေထိုင်ကြောင်း စာရင်းသွင်းခြင်းနှင့်စပ်လျဉ်း၍
3. အခွန်နှင့်စပ်လျဉ်း၍
4. ပင်စင်နှင့်စပ်လျဉ်း၍
5. ကျန်းမာရေးအာမခံနှင့် သူနာပြုစောင့်ရှောက်မှုအာမခံတို့နှင့် စပ်လျဉ်း၍
6. သားသမီးကိစ္စနှင့်စပ်လျဉ်း၍
7. အမှိုက်စွန့်ပစ်နည်းနှင့်စပ်လျဉ်း၍
8. ရေပိုက်လိုင်းအသုံးပြုမှုနှင့်စပ်လျဉ်း၍
9. သဘာဝဘေးအန္တရာယ်များ၊ ဘေးရှောင်စခန်းများနှင့်စပ်လျဉ်း၍
10. လိုအပ်လာနိုင်သည့်အခြေအနေအတွက် သိထားရမည့်အချက်များ

■ Kurume City မှ ကြိုဆိုပါ၏!

ဤလက်ကမ်းစာစောင်တွင် နေထိုင်မှုဘဝ၌လိုအပ်သည့်အကြောင်းအရာများကို "လွယ်ကူသောဂျပန်စကား" ဖြင့် ရေးသားထားပါသည်။ ခက်ခဲသည့်အသုံးအနှုန်းများပါရှိပါက Google Translate ကို သုံးပြီး သင့်နိုင်ငံ၏ဘာသာစကားသို့ ပြောင်းလဲဖတ်ရှုပါ။

**■ Google Translate ကို အသုံးပြုနည်း (လက်ကမ်းစာစောင်ကို ဘာသာပြန်နည်း)**

[ဂျပန်ဘာသာ → နီပေါဘာသာ]

**1. နေထိုင်မှုဘဝလမ်းညွှန်စာအုပ်ဒေတာကို Kurume City ၏ ဝက်ဘ်ဆိုက်မှ ဒေါင်းလုဒ်လုပ်ပါ။**

**2. Google Translate ကိုဖွင့်ပြီး ① [Documents] ကိုနှိပ်ပါ။**

② [Detect Language] ကို နှိပ်ပြီး Japanese ကို ရွေးပါ။


③ [ဘာသာပြန်] ကိုနှိပ်ပြီး နီပေါဘာသာကို ရွေးပါ။

④ သင်ပြောင်းလဲလိုသော ဘာသာစကားမရှိပါက ⌄ ကိုနှိပ်ပါ။ ထို့နောက် သင်ပြောင်းလဲလိုသော ဘာသာစကားကို ရွေးချယ်ပါ။

⑤ [PC on Browse] ကိုနှိပ်ပါ။





**3. နေထိုင်မှုဘဝလမ်းညွှန်၏ PDF ဖိုင်ကို ရွေးပါ။** **4. [Translate] ကိုနှိပ်ပါ။**







**5. လက်ကမ်းစာစောင်ကို သင်ရွေးချယ်လိုက်သောဘာသာစကားဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။**



２．外国人住民の　住民登録について

■相談先：市民課

電話：0942-39027

外国人も　日本人と　同じように　住民票を　作って　＊住民登録します。
住民登録をすると　久留米市の　サービスを　受けることが　できます。　また、住所（住むところ）を　証明する　住民票の写しを　もらえます。

＊住民登録：あなたや　あなたの家族が　久留米市に　住んでいることを　市役所に　知らせること

■住民登録を　する人

3か月より　長く　日本に　住む人は　住民登録を　します。　観光（日本に　遊び）に　来た人は　住民登録を　しません。


１．久留米市に　する　＊届出

下の　表の　状況に　当てはまる人は、　市役所に　届出を出します。
届出を　出すのは、　あたなが　します。　あなたが　できないときは、　代わりの人も　できます。
代わりの　人が　届出を　出すときは　委任状（あなたが　代わりの人に　お願いしたことが　わかる紙）がいります。
＊届出：市役所に　あなたの　状況が　かわったことを　紙に　書いて　知らせること

【市民課での　届出が　必要な　手続き】

| 届出の名前 | 状況 | 手続きの　期限 | 手続きに　いるもの |
|---|---|---|---|





२ विदेशी निवासीहरूको निवासी रेजिष्ट्रेसनको बारेमा

Ation परामर्श: नागरिकको डिभिजन

फोन: ० 42 42२--390 27 २27

साथै ढोका जी तपाईंको लागि म * हुँ ।
र गर्न को सेवा गर्न तात मार हुन तपाईं। मा वाहेक, ( को Mutokoro) गर्न को को शि म प्राप्त।

* : तपाई र तपाईंको छन् दुई Nde हुन् भनेर दुई एट अत। हुन

■ को लागि

3 वा देखि कू गर्न कुनै दाँत गर्न तपाई । ( गर्न सुंदरता) अन्य छ एक छैन।

१। गर्न हुन *

को को लागि फिट ते छ दुई र गर्न तपाई।
यो गर्न को छ, Atana छ तपाई । तपाई सक्नुहुनेछ यदि तपाई सक्नुहुन्न भने, वारि तपाई पनि सक्नुहुन्छ।
Wari गरेको छ को BE मामता ( तपाई को Wari गर्न तपाई त्यहाँ राम्रो थियो बुझे तपाई एक आवश्यक)।
* : गर्न तपाईंको परिवर्तन भएको थियो कि दुई छ अत यसलाई

[ मा भएको को के राजा]

| को | आउनुहोस् को | जो हुन सक्छ |
|---|---|---|

# 1. အခက်အခဲတွေ့သည့်အခါ ဆွေးနွေးနိုင်သည့်နေရာ

နိုင်ငံခြားသားများ ဆွေးနွေးမှုပြုနိုင်သည့်ကောင်တာ ဖုန်း - 0942-30-9096

လက်ထပ်ခြင်း၊ ကွာရှင်းခြင်း (လက်ထပ်မှုရပ်စဲသည့်အခါ)၊ အခွန်ကိစ္စ၊ မိသားစုပြဿနာ၊ ငွေရေးကြေးရေးပြဿနာ၊ ယာဉ်မတော်တဆမှု၊ အလုပ်၊ နေထိုင်ခွင့်အမျိုးအစား (ဗီဇာ) ကိစ္စ၊ နိုင်ငံခြားသားဖြစ်ခြင်းကြောင့် အနိုင်ကျင့်ခံနေရခြင်း အစရှိသဖြင့် ဂျပန်နိုင်ငံ၌ သင်နေထိုင်နေစဉ်အတွင်း အခက်အခဲကြုံနေရသည့်ကိစ္စများနှင့် မသိနားမလည်သည့်ကိစ္စများအတွက် ဆွေးနွေးနိုင်ပါသည်။ အခကြေးငွေ မလိုပါ။
သင်ဆွေးနွေးလိုသည့်ကိစ္စများကို ရှေ့နေ သို့မဟုတ် ဌာနဆိုင်ရာစာရွက်စာတမ်းပညာရှင်စသည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့်လည်း ဆွေးနွေးနိုင်ပါသည်။

■ **ဆွေးနွေးနိုင်သည့်ရက်များ - တနင်္လာနေ့မှ သောကြာနေ့**

(နှစ်သစ်ကူးကာလ (ဒီဇင်ဘာလ 29 ရက်နေ့မှ ဇန်နဝါရီလ 3 ရက်နေ့) နှင့် အများပြည်သူရုံးပိတ်ရက်များ (ပြက္ခဒိန်မှ အနီရောင်စာလုံးပါသည့်ရက်) တွင် ပိတ်ပါသည်)

■ **ဆွေးနွေးနိုင်သည့်အချိန် - 8:30 မှ 17:15 ထိ** (နေ့လည်နားချိန်မရှိပါ)

■ **ဆွေးနွေးနိုင်သည့်နေရာ - Kurume မြို့အုပ်ချုပ်ရေးရုံး 6 လွှာရှိ ပြည်သူ့ဆက်ဆံရေးနှင့် အတိုင်ပင်ခံဌာနခွဲ။**

"နိုင်ငံခြားသားများ ဆွေးနွေးမှုပြုနိုင်သည့်ကောင်တာ (Kurume Multilingual Consultation Support Service)"

■ **ဆွေးနွေးမှုပြုနိုင်သည့်နည်းလမ်းများ - ① မှ ④ အထိ နည်းလမ်းများရှိပါသည်။**

① နိုင်ငံခြားသားများ ဆွေးနွေးမှုပြုနိုင်သည့်ကောင်တာသို့ သွားခြင်း
② ဖုန်းဖြင့် ဆွေးနွေးခြင်း … ဖုန်း 0942-30-9096
③ ဖက်စ်ဖြင့် ဆွေးနွေးခြင်း … ဖက်စ် 0942-30-9711
④ အီးမေးလ်ဖြင့် ဆွေးနွေးခြင်း … အီးမေးလ် sodan@city.kurume.lg.jp

"မြို့အုပ်ချုပ်ရေးရုံး" အကြောင်း
သင်နေထိုင်လျက်ရှိသောမြို့တွင် မြို့အုပ်ချုပ်ရေးရုံး ရှိပါသည်။
နေထိုင်သည့်နေရာ ပြောင်းသွားခြင်း၊ နေထိုင်မှုဘဝ၌ ပြောင်းလဲသွားခြင်းတို့ရှိပါက မြို့အုပ်ချုပ်ရေးရုံးသို့ မပျက်မကွက် အကြောင်းကြားပါ။ ထိုအခါ၌ နေထိုင်ခွင့်ကတ်ပြားကိုလည်း တင်ပြပါ။ နေထိုင်မှုဘဝ၌ မသိနားမလည်သည့်ကိစ္စများ၊ အခက်ကြုံသည့်ကိစ္စများရှိပါက မြို့အုပ်ချုပ်ရေးရုံး၌ ဆွေးနွေးနိုင်ပါသည်။

"ကျောင်းနယ်မြေ (Kouku)" အကြောင်း
အားလုံး စိတ်ချလက်ချဖြင့် နေထိုင်မှုဘဝဆောင်ရွက်နိုင်ရန်အတွက် မြို့အုပ်ချုပ်ရေးရုံးမှ ဝန်ဆောင်မှုအမျိုးမျိုး ပေးအပ်လျက်ရှိပါသည်။ Kurume City ကို မူလတန်းကျောင်း နာမည်များဖြင့် နယ်မြေပိုင်းခြားထားပါသည်။ ဤသည်ကို "ကျောင်းနယ်မြေ (Kouku)" ဟု ခေါ်ပါသည်။ မြို့အုပ်ချုပ်ရေး ရုံး၏ ဝန်ဆောင်မှုများကို "ကျောင်းနယ်မြေ (Kouku)" ဖြင့် သတ်မှတ်ပါသည်။ Kurume City ၌ သင်နေထိုင်မည့်အခါ ကျောင်းနယ်မြေအမည်များကို မှတ်သားထားပါ။

ဥပမာအားဖြင့် - "ခါနာ့မာရု မူလတန်းကျောင်း" တည်ရှိရာနေရာ … "ခါနာ့မာရု ကျောင်းနယ်မြေ"
"နိရှိခိုကုဘု မူလတန်းကျောင်း" တည်ရှိရာနေရာ … "နိရှိခိုကုဘု ကျောင်းနယ်မြေ" စသည်တို့ ဖြစ်ပါသည်။

# 2. နိုင်ငံခြားသားများ နေထိုင်သူများအတွက် နေထိုင်ကြောင်းစာရင်းသွင်းခြင်းနှင့်စပ်လျဉ်း၍

မြို့သူမြို့သားရေးရာဌာနခွဲ ဖုန်း - 0942-30-9027

နိုင်ငံခြားသားများသည်လည်း ဂျပန်လူမျိုးများကဲ့သို့ပင် သန်းခေါင်စာရင်းပြုလုပ်ပြီး *နေထိုင်ကြောင်းစာရင်းသွင်းရန် လိုအပ်ပါသည်။ နေထိုင်ကြောင်းစာရင်းသွင်းထားပါက Kurume City မှ ဝန်ဆောင်မှုများကို ရယူနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လိပ်စာ (နေထိုင်သည့်နေရာ) ကို သက်သေခံ ပေးသည့် သန်းခေါင်စာရင်းမိတ္တူ (ကော်ပီ) ကိုလည်း ရယူနိုင်ပါသည်။

* နေထိုင်ကြောင်းစာရင်းသွင်းခြင်း - သင်နှင့် သင့်မိသားစုတို့ Kurume City ၌ နေထိုင်လျက်ရှိကြောင်းကို မြို့အုပ်ချုပ်ရေးရုံးသို့ အသိပေး အကြောင်းကြားခြင်း

**■ နေထိုင်ကြောင်းစာရင်းသွင်းရမည့်သူ**

ဂျပန်နိုင်ငံ၌ 3 လနှင့်အထက်ပို၍ နေထိုင်မည့်သူများသည် နေထိုင်ကြောင်း စာရင်းသွင်းရမည်ဖြစ်သည်။ သို့ရာတွင် ခရီးသွားအဖြစ် (ဂျပန်နိုင်ငံသို့ လည်ပတ်ရန်)အဖြစ် လာရောက်ခဲ့သူများသည် နေထိုင်ကြောင်းစာရင်းသွင်းရန် မလိုပါ။

**1. မည်ကဲ့သို့သောအခြေအနေ၌ မြို့အုပ်ချုပ်ရေးရုံးသို့ * အကြောင်းကြားစာပေးပို့ရမည်နည်း။**

အောက်ပါဇယားမှ ① ~ ④ အခြေအနေများ၌ မြို့အုပ်ချုပ်ရေးရုံးသို့ *အကြောင်းကြားစာ ပေးပို့ရပါမည်။

အကြောင်းကြားစာကို သင်မှ ပေးပို့ရပါမည်။ သို့ရာတွင် သင်မပေးပို့နိုင်သည့်အခါ အခြားသူမှ ကိုယ်စားပေးပို့နိုင်ပါသည်။ အခြားသူမှ ကိုယ်စားပေးပို့သည့်အခါ ကိုယ်စားလှယ်လွှဲစာ (သင်မှ အခြားသူကို ကိုယ်စားအဖြစ်အကူအညီတောင်းထားကြောင်း သိနိုင်မည့်စာ) ယူလာပေးပါ။

*အကြောင်းကြားစာ - သင်၏အခြေအနေပြောင်းလဲသွားကြောင်းကို စာရွက်ပေါ်၌ရေးသားပြီး မြို့အုပ်ချုပ်ရေးရုံးသို့ အသိပေးအကြောင်းကြားခြင်း

[မြို့အုပ်ချုပ်ရေးရုံးမှ မြို့သူမြို့သားရေးရာဌာနခွဲသို့ အကြောင်းကြားစာပေးပို့ရန်လိုအပ်သည့်အခါ]

| အခြေအနေ | အကြောင်းကြားစာ အမည် | သတ်မှတ်ကာလ | ယူလာရမည့်အရာများ |
|---|---|---|---|
| ① အခြားမြို့ သို့မဟုတ် မြို့နယ်မှ Kurume City သို့ပြောင်းလာသောအခါ | ပြောင်းရွှေ့ဝင်ရောက်မှု အကြောင်းကြားစာ | Kurume City သို့ ရောက်သော နေ့မှ 14 ရက်အတွင်း | ・ပြောင်းရွှေ့ထွက်ခွာမှုထောက်ခံစာ (ယခင်နေထိုင်ခဲ့သောနေရာရှိ မြို့အုပ်ချုပ်ရေးရုံးမှ ရရှိပါမည်) သို့မဟုတ် My Number ကတ်<br>・နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ် |
| ② Kurume City အတွင်း ပြောင်းရွှေ့သည့်အခါ | ပြောင်းရွှေ့နေထိုင်မှု အကြောင်းကြားစာ | အိမ်ပြောင်းသည့်ရက်မှစ၍ 14 ရက်အတွင်း | ・နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်<br>・My Number ကတ် |
| ③ Kurume City မှ အခြားမြို့ သို့မဟုတ် မြို့နယ်သို့ ပြောင်းရွှေ့သောအခါ | ပြောင်းရွှေ့ထွက်ခွာမှု အကြောင်းကြားစာ | အိမ်ပြောင်းမည့်နေ့ မတိုင်မီ 14 ရက်အလိုမှစ၍ 14 ရက်အကြာအထိ | ・နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်<br>・My Number ကတ် |
| ④ အတူနေထိုင်မည့် မိသားစုဝင် သို့မဟုတ် မိသားစု၏ အိမ်ထောင်ဦးစီး ပြောင်းလဲသွားသည့်အခါ | အိမ်ထောင်စုအပြောင်းအလဲ အကြောင်းကြားစာ | ပြောင်းသွားသည့်အချိန်မှစ၍ 14 ရက်အတွင်း | ・နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ် |

**2. My Number စနစ်**

ဂျပန်နိုင်ငံ၌ နေထိုင်ကြောင်းစာရင်းသွင်းထားသူများတွင် ထိုသူတစ်ဦးတည်းအတွက်ဖြစ်သည့် နံပါတ် <My Number> ရှိကြပါသည်။ နိုင်ငံခြားသားများ သည်လည်း နေထိုင်ကြောင်းစာရင်းသွင်းလိုက်ပါက My Number ရရှိနိုင်ပါသည်။ နံပါတ်သည် ဂဏန်း 12 လုံးပါရှိသည့် ကိန်းဂဏန်းတစ်ခုဖြစ်ပါသည်။ My Number ကို မြို့အုပ်ချုပ်ရေးရုံးစသည်တို့၌ စာရွက်စာတမ်းအမျိုးမျိုးလုပ်ဆောင်ရာ၌ အသုံးပြုပါသည်။

* လူမှုဖူလုံရေးနှင့် အခွန်စာရွက်စာတမ်းများ တင်သွင်းရာတွင်လည်း အသုံးပြုပါသည်။ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာသူသည် မြို့အုပ်ချုပ်ရေးရုံးသို့ ပြောင်းရွှေ့ဝင်ရောက်မှုအကြောင်းကြားစာ ပေးပို့ပြီးနောက်တွင် My Number အကြောင်းကြားစာကို စာတိုက်မှ လက်ခံရရှိမည်ဖြစ်ပါသည်။ ဆန္ဒရှိသူများသည် ဓာတ်ပုံပါသည့် My Number ကတ်ကို လျှောက်ထားနိုင်ပါသည်။ My Number ကတ်ကို သက်သေခံကတ်ပြားအဖြစ် အသုံးပြုနိုင်သည့်အပြင် သန်းခေါင်စာရင်းစသည့် အထောက်အထားများကို နှစ်ဆယ့်လေးနာရီစတိုးဆိုင်များ၌လည်း ထုတ်ယူနိုင်မည်ဖြစ်ပါသည်။

*လူမှုဖူလုံရေး - သင့်နေ့စဉ်ဘဝတွင် အခက်အခဲကြုံတွေ့ရသောအခါ နိုင်ငံတော်စသည်တို့မှ ကူညီပေးသည့်စနစ်ဖြစ်ပါသည်။

**3. သန်းခေါင်စာရင်းမိတ္တူ (ကော်ပီ) နှင့်စပ်လျဉ်း၍**

သန်းခေါင်စာရင်းဆိုသည်မှာ “အဆိုပါနေရာ၌ သင်နေထိုင်လျက်ရှိကြောင်းကို မြို့အုပ်ချုပ်ရေးရုံးမှ ထောက်ခံပေးသည့်အရာ” ဖြစ်ပါသည်။
သန်းခေါင်စာရင်းတွင် “အမည်”၊ “မွေးသက္ကရာဇ်”၊ “လိပ်စာ”၊ “Kurume City သို့ ပြောင်းလာသည့်ရက်”၊ “အတူနေထိုင်သည့်သူ” စသည်တို့ ရေးထားပါသည်။ ၎င်းအချက်အလက်များ၏စာရွက်ပုံစံသည် “သန်းခေါင်စာရင်းမိတ္တူ” ဖြစ်ပါသည်။ သင်လိုအပ်သည့်အခါ မြို့အုပ်ချုပ်ရေးရုံးမှ ရယူနိုင် ပါသည်။ ထိုသို့ရယူသည့်အခါ အခကြေးငွေ လိုအပ်ပါမည်။

**4. နေထိုင်ခွင့်ကတ်ပြားစသည်တို့နှင့်စပ်လျဉ်း၍**

နေထိုင်ခွင့်ကတ်ပြားဆိုသည်မှာ သင်ဂျပန်နိုင်ငံ၌ရှိရသည့် ရည်ရွယ်ချက်နှင့် နေထိုင်ခွင့်ကာလသက်တမ်းကုန်ဆုံးရက် (မည်သည့်ရက်အထိ) တို့ကို သက်သေခံပေးသည့် (အခြားသူများ သိနိုင်စေရန်) ကတ်ပြားဖြစ်ပါသည်။ ဂျပန်နိုင်ငံ၌ မည်သည့်ကိစ္စများလုပ်ဆောင်နိုင်သည်ကို နေထိုင်ခွင့် အရည်အချင်းဖြင့် သတ်မှတ်ပါသည်။ ဥပမာအားဖြင့် အရည်အချင်းမှာ “ပညာတော်သင်” ဖြစ်ပါက စာသင်ကြားနိုင်ပါသည်။ “အလုပ်အကိုင်” ဖြစ်ပါက အလုပ်လုပ်ကိုင်နိုင်ပါသည်။ နေထိုင်ခွင့်ကတ်ပြားကို မပျက်မကွက် တစ်ပါတည်းဆောင်ထားရပါမည်။

**① အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်**

အထူးအမြဲတမ်းနေထိုင်ခွင့်လက်မှတ်အသစ်လျှောက်ထားသည့်အခါ မြို့အုပ်ချုပ်ရေးရုံး၌ လုပ်ဆောင်ရပါမည်။ နားမလည်ပါက မြို့အုပ်ချုပ်ရေးရုံး၌ ဆွေးနွေးပါ။

**② နေထိုင်ခွင့်ကတ်ပြား**

သက်တမ်းကုန်ဆုံးရက် (မည်သည့်ရက်အထိ) ကျော်လွန်နေသည့် နေထိုင်ခွင့်ကတ်ပြားဖြင့် မြို့အုပ်ချုပ်ရေးရုံးများ၌ စာရွက်စာတမ်းများ လုပ်ဆောင်၍မရပါ။ နေထိုင်ခွင့်ကတ်ပြားအသစ်ပြုလုပ်မည့်အခါ ဖူကူအိုကာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ သွားပါ။

■ ဖူကူအိုကာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

3-5-25 Maizuru, Chuo-ku, Fukuoka City, Fukuoka 810-0073 Tel: 092-717-5420

Fukuoka No.1 Legal Affairs General Building

# 3. အခွန်နှင့်စပ်လျဉ်း၍

မြို့သူမြို့သားရေးရာအခွန်ဌာနခွဲ ဖုန်း - 0942-30-9008

ပိုင်ဆိုင်မှုအခွန်ဌာနခွဲ ဖုန်း - 0942-30-9010

အခွန်ကောက်ခံမှုမြှင့်တင်ရေးဌာနခွဲ ဖုန်း - 0942-30-9007

ဂျပန်နိုင်ငံ၌ 1 နှစ်ထက်ပို၍ ကြာရှည်နေထိုင်မည့်သူဖြစ်ပါက နိုင်ငံခြားသားများလည်း အခွန်ဆောင်ရပါသည်။
ကောက်ခံထားသောအခွန်များကို ဂျပန်နိုင်ငံ၌ နေထိုင်ကြသူများ စိတ်လက်ချမ်းသာစွာနေထိုင်နိုင်ရန်အတွက် အသုံးပြုပါသည်။
အခွန်တွင် နိုင်ငံတော်သို့ပေးဆောင်ရသည့် အခွန်နှင့် ဒေသန္တရအစိုးရ (ခရိုင် သို့မဟုတ် မြို့) သို့ ပေးဆောင်ရသည့် အခွန်ဟူ၍ ရှိပါသည်။ သင်သည် သတ်မှတ်ရက်မတိုင်မီ အခွန်မဆောင်ပါက “နောက်ကျကြေး”ဟုခေါ်သည့် ငွေကြေးကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**1. နိုင်ငံတော်သို့ပေးဆောင်ရသည့်အခွန်**

ယခင်နှစ် ဇန်နဝါရီလ 1 ရက်နေ့မှ ဒီဇင်ဘာလ 31 ရက်နေ့အတွင်း * ဝင်ငွေရှိသူများသည် နိုင်ငံတော်သို့ “*ဝင်ငွေခွန်” ပေးဆောင်ရပါမည်။ ဝင်ငွေခွန်ကို အလုပ်လုပ်ခဲ့သောနှစ်၏ နောက်တစ်နှစ် ဖေဖော်ဝါရီလ 16 ရက်မှ မတ်လ 15 ရက်အတွင်း သင်မှတွက်ချက်ပြီး ပေးဆောင်ရမည် ဖြစ်ပါသည်။ မည်မျှပေးဆောင်ရမည်ကိုမသိသည့်အခါ သို့မဟုတ် ပေးဆောင်ရမည့်နည်းလမ်းတို့အတွက် အခွန်ရုံး၌ မေးမြန်းဆွေးနွေးပါ။ ကုမ္ပဏီမှ *လစာရနေသော သူများဖြစ်ပါက လစဉ် လစာထဲမှနေ၍ ကုမ္ပဏီမှ ကြိုတင်ပေးဆောင်သွားမည်ဖြစ်ပါသည်။

*ဝင်ငွေ - အလုပ်လုပ်နေသောကုမ္ပဏီစသည်တို့ထံမှ ရရှိသောပိုက်ဆံထဲမှ အဆိုပါ ပိုက်ဆံရရန်အတွက် ကုန်ကျခဲ့သော ငွေကြေးကို နုတ်ယူပြီးနောက်ရှိ ငွေပမာဏဖြစ်ပါသည်။
*ဝင်ငွေခွန် - ဝင်ငွေအပေါ်ကျသင့်သောအခွန်ဖြစ်ပါသည်။
*လစာ - ကုမ္ပဏီစသည်တို့ထံမှရရှိသော ငွေဖြစ်ပါသည်။

**■ နိုင်ငံတော်သို့ပေးဆောင်ရမည့်အခွန်နှင့်ပတ်သက်၍ ဆွေးနွေးလိုသည့်အခါ**

Kurume အခွန်ရုံး

2401-10 Suwanomachi, Kurume City, 830-8688 Tel: 0942-32-4461

**2. ဒေသန္တရအစိုးရ (ခရိုင်နှင့်မြို့) သို့ ပေးဆောင်ရသည့် အခွန်**

အဆိုပါ နှစ်တစ်နှစ်၏ ဇန်နဝါရီလ 1 ရက်နေ့တွင် ဂျပန်နိုင်ငံ၌ နေထိုင်လျက်ရှိသူသည် မိမိနေထိုင်သည့် ခရိုင် သို့မဟုတ် မြို့ထံ အခွန်ပေးဆောင်ရပါမည်။
နေထိုင်ခွန် (အခွန်အမည်) သို့မဟုတ် မော်တော်ယာဉ်ခွန် (အခွန်အမည်) ဟုခေါ်ပါသည်။
နိုင်ငံတော်နှင့် ဒေသန္တရအစိုးရများသို့ ပေးဆောင်ရသောအခွန်များကို ယခင်နှစ်မှ သင့်ဝင်ငွေစသည်တို့အပေါ် အခြေခံ၍ တွက်ချက်ပါသည်။

**2-① ဖုကူအိုကာခရိုင်သို့ ပေးဆောင်ရသော အခွန်များ**

**[ခရိုင်သို့ပေးဆောင်ရသော အဓိကအခွန်များ]**

| အခွန်အမည် | အခွန်ဆောင်သည့်သူ | ဆွေးနွေးနိုင်သည့်နေရာ |
| --- | --- | --- |
| **ခရိုင်ခွန်** | ဖုကူအိုကာခရိုင်၌ နေထိုင်လျက်ရှိသူ | Kurume ခရိုင်အခွန်ရုံး၊ အခွန်ဌာနခွဲ 1 |
| **မော်တော်ယာဉ်ခွန်** | ဖုကူအိုကာခရိုင်၌ နေထိုင်လျက်ရှိပြီး သာမန်မော်တော်ယာဉ် ပိုင်ဆိုင်သူ | Kurume ခရိုင်အခွန်ရုံး၊ အခွန်ကောက်ခံမှုဌာနခွဲ 2 |

**■ ဖုကူအိုကာခရိုင်၏ အခွန်များအကြောင်း ဆွေးနွေးလိုပါက**

Kurume Prefectural Tax Office (Kurume General Government Building, 4th floor)

1642-1 Aikawamachi, Kurume City, 839-0861 Tel: 0942-30-1012

2-② Kurume City သို့ပေးဆောင်ရသောအခွန်များ

[Kurume City သို့ပေးဆောင်ရသော အဓိကအခွန်]

| အခွန်အမည် | အခွန်ဆောင်သည့်သူ | ဆွေးနွေးနိုင်သည့်နေရာ |
|---|---|---|
| စည်ပင်ခွန် | Kurume City တွင် နေထိုင်လျက်ရှိသူ | Kurume မြို့အုပ်ချုပ်ရေးရုံး၊ စည်ပင်ခွန်ဌာနခွဲ |
| အပေါ့စားမော်တော်ယာဉ်ခွန် | Kurume City တွင်နေထိုင်ပြီး အပေါ့စားမော်တော်ယာဉ် သို့မဟုတ် ဆိုင်ကယ် ပိုင်ဆိုင်သည့်သူ | Kurume မြို့အုပ်ချုပ်ရေးရုံး၊ စည်ပင်ခွန်ဌာနခွဲ |
| မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုအခွန် | Kurume City တွင်နေထိုင်ပြီး မြေယာ သို့မဟုတ် အဆောက်အအုံများ ပိုင်ဆိုင်သည့်သူ | Kurume မြို့အုပ်ချုပ်ရေးရုံး၊ ပိုင်ဆိုင်မှုအခွန်ဌာနခွဲ |

### 3. ကြေငြာလွှာ

ယခင်နှစ်၌ အလုပ်လုပ်ခဲ့သော ကုမ္ပဏီထံမှ ဝင်ငွေမည်မျှရခဲ့ကြောင်း သို့မဟုတ် သင်ပိုင်ဆိုင်သော အိမ်၊ မြေယာ၊ ယာဉ် စသည်တို့နှင့်ပတ်သက်ပြီး စာရွက်စာတမ်းပြုစုကာ အခွန်ဌာန သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံးသို့ တင်သွင်းရပါမည်။ ၎င်းကို "ကြေညာလွှာ" ဟု ခေါ်ပါသည်။ ကြေညာလွှာ တင်သွင်းလိုက်ပါက နိုင်ငံတော်နှင့် ဒေသန္တရအစိုးရသို့ သင်ပေးဆောင်ရမည့် အခွန်မှာ မည်မျှဖြစ်ကြောင်း သတ်မှတ်ပြီးဖြစ်ပါမည်။

### 4. အခွန်ပေးဆောင်ခြင်း

သင်ပေးဆောင်ရမည့်အခွန်နှင့်ပတ်သက်ပြီး ခရိုင်အခွန်ရုံး သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံးတို့မှ တွက်ချက်မည်ဖြစ်ပါသည်။ စာတိုက်မှတစ်ဆင့် "*အခွန်ပေးသွင်းရန်အကြောင်းကြားစာ" ရောက်လာပါမည်။ အခွန်ကို သတ်မှတ်ရက်မတိုင်မီ ပေးဆောင်ပါ။ အခွန်ကို စာအိတ်ထဲ၌ အတူပါလာသော "*ငွေပေးချေမှုစလစ်" သုံးပြီး ဘဏ်၊ စာတိုက်၊ နှစ်ဆယ့်လေးနာရီစတိုးဆိုင်တို့၌ ပေးဆောင်ပါ။

*အခွန်ပေးသွင်းရန်အကြောင်းကြားစာ - သင်သည် "ငွေပမာဏမည်မျှကို" "မည်သည့်ရက်နောက်ဆုံးထားပြီး" "မည်သည့်နေရာ၌ ပေးချေရမည်" ဖြစ်ကြောင်း သတ်မှတ်ချက်များကို အသိပေးအကြောင်းကြားသည့် ခရိုင် သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံးများမှ ပေးပို့လာသော စာဖြစ်ပါသည်။

*ငွေပေးချေမှုစလစ် - သင်သည် "မည်သည့်ရက်နောက်ဆုံးထားပြီး" "မည်မျှပေးချေရမည်" ကို ရေးထားသောစာရွက် ဖြစ်ပါသည်။

### 5. အခွန်ပေးပြီးကြောင်းအထောက်အထားနှင့် ဝင်ငွေအထောက်အထား

အခွန်ပေးပြီးကြောင်းအထောက်အထားဆိုသည်မှာ "သင် အခွန်ငွေမည်မျှ ပေးဆောင်ပြီးကြောင်း" ကို မြို့အုပ်ချုပ်ရေးရုံးမှ သက်သေခံပေးသည့် (အခြားသူများ သိမြင်နိုင်စေရန်) စာရွက်စာတမ်းဖြစ်ပါသည်။ ဝင်ငွေအထောက်အထားဆိုသည်မှာ "သင် ဝင်ငွေမည်မျှရခဲ့ကြောင်း" ကို မြို့အုပ်ချုပ်ရေးရုံးမှ သက်သေခံပေးသည့် စာရွက်စာတမ်းဖြစ်ပါသည်။ အဆိုပါနှစ်၏ ဇန်နဝါရီလ 1 ရက်နေ့၌ နေထိုင်ခဲ့သောနေရာမှ မြို့အုပ်ချုပ်ရေးရုံးမှ ရယူနိုင်ပါသည်။ အခကြေးငွေ လိုအပ်ပါသည်။ နေထိုင်ခွင့်အမျိုးအစားကို ပြောင်းလဲသည့်အခါ သို့မဟုတ် မြို့မှ ဝန်ဆောင်မှုများကို ရယူသည့်အခါ၌ လိုအပ်ပါသည်။

### 6. အခွန် မဆောင်နိုင်သောအခါ

သင်သည် အလုပ်မရှိသောကြောင့် အခွန်ဆောင်ရန် ငွေမရှိခြင်း စသည့်အခါများတွင် အခွန်ပေးသွင်းမှုဆိုင်ရာဆွေးနွေးခြင်း ("အခွန်ကို နောက်ကျပြီးမှ ပေးဆောင်၍ရမရ" သို့မဟုတ် "ငွေပမာဏခွဲပြီး ပေးဆောင်၍ရမရ" တို့ကို အခွန်ဌာန သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံး စသည်တို့ထံ မေးမြန်းခြင်း) လုပ်ရပါမည်။ အခွန်မဆောင်ပါက ခရိုင် သို့မဟုတ် မြို့မှ ဝန်ဆောင်မှုများ ရရှိနိုင်မည်မဟုတ်ပါ။ နေထိုင်ခွင့်အမျိုးအစားကို အသစ်လုပ်ဆောင်ရာ၌ ပြဿနာရှိနိုင်ပါသည်။ ဖုကူအိုကာခရိုင်သို့ ပေးဆောင်ရမည့်အခွန်နှင့်ပတ်သက်၍ ဖုကူအိုကာခရိုင်အခွန်ရုံး၌ ဆွေးနွေးပါ။ Kurume City သို့ ပေးဆောင်ရမည့်အခွန်များအတွက် အခွန်ကောက်ခံမှုမြှင့်တင်ရေးဌာနခွဲ၌ ဆွေးနွေးပါ။

### 7. သင့်နိုင်ငံသို့ သင်ပြန်မည့်အခါ

သင့်နိုင်ငံသို့ သင်ပြန်မည့်အခါ သို့မဟုတ် ပြည်ပနိုင်ငံများသို့သွားပြီး ဂျပန်နိုင်ငံသို့ ပြန်မလာတော့မည့်အခါများ၌ ဂျပန်နိုင်ငံမှ မထွက်ခွာမီ အခွန်အားလုံးကို ပေးဆောင်သွားရန် လိုအပ်ပါသည်။ ပမာဏအားလုံး မပေးဆောင်နိုင်ပါက ဂျပန်နိုင်ငံမှ မထွက်ခွာမီ သင့်ကိုယ်စားပေးဆောင်ပေးမည့်သူကို သတ်မှတ် ပြီး အခွန်ဌာန သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံးများသို့ အကြောင်းကြားစာ ပေးပို့ရပါမည်။

# 4. ပင်စင်နှင့်စပ်လျဉ်း၍


ဆေးကုသမှုနှင့်ပင်စင်ဌာနခွဲ　　ဖုန်း - 0942-30-9032

ဂျပန်နိုင်ငံတွင် အသက်အရွယ်အိုမင်းလာသောအခါ သို့မဟုတ် နာမကျန်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အလုပ်မလုပ်နိုင်တော့သည့်အခါများအတွက် ငွေပေးဆောင်ရပါသည်။ ဤစနစ်ကို ပင်စင်ဟု ခေါ်ပါသည်။ ပင်စင်စနစ်သို့ဝင်ထားပြီး ငွေပေးဆောင်ထားပါက အသက်အရွယ်အိုမင်းလာသောအခါ သို့မဟုတ် နာမကျန်းဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် အလုပ်မလုပ်နိုင်တော့သည့်အခါများတွင် နေထိုင်စားသောက်ရန်အတွက် ငွေကြေးရရှိမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင်နေထိုင်သော အသက် 20 မှ 59 နှစ်ကြားရှိသူများအားလုံးသည် ပင်စင်စနစ်သို့ ထည့်ဝင်ကြရပါသည်။

### 1. ပင်စင်နှင့်စပ်လျဉ်း၍

ဂျပန်တွင် ပင်စင် 2 မျိုးရှိပါသည်။ အမျိုးသားပင်စင်နှင့် လူမှုဖူလုံရေးပင်စင်တို့ ဖြစ်ပါသည်။ လူမှုဖူလုံရေးပင်စင်ကို ကုမ္ပဏီ သို့မဟုတ် စက်ရုံစသည်တို့၌ အလုပ်လုပ်ကိုင်ကြသူများ ထည့်ဝင်ကြပါသည်။ အမျိုးသားပင်စင်ကို လူမှုဖူလုံရေးပင်စင် မထည့်ဝင်ထားသည့်သူများမှ ထည့်ဝင်ကြပါသည်။

**[ပင်စင်ထည့်ဝင်သည့်အချိန်နှင့် ရယူသည့်အချိန်တို့အတွက် စဉ်းစားပုံ]**




ကုမ္ပဏီစသည်တို့၌ အလုပ်လုပ်နေကြသူများသည် လူမှုဖူလုံရေးပင်စင်ကိုလည်း ထည့်ဝင်ကြရပါသည်။

### 2. အမျိုးသားပင်စင်နှင့် စပ်လျဉ်း၍

ဂျပန်နိုင်ငံတွင်နေထိုင်သော အသက် 20 မှ 59 နှစ်ကြားရှိသူများအားလုံးသည် အမျိုးသားပင်စင်သို့ ထည့်ဝင်ကြရပါသည်။ နိုင်ငံခြားသားများလည်း ထည့်ဝင်ရပါသည်။ ပင်စင်ထည့်ဝင်သည့်အခါ မြို့အုပ်ချုပ်ရေးရုံး သို့မဟုတ် ပင်စင်ရုံးတို့၌ စာရွက်စာတမ်း လုပ်ဆောင်ရပါသည်။ နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် My Number ကတ်ကို ယူသွားရပါမည်။ အလုပ်လုပ်နေသည့်သူဖြစ်ပြီး ကုမ္ပဏီ၏အာမခံများသို့ ထည့်ဝင်ထားသူဖြစ်ပါက စာရွက်စာတမ်းများကို ကုမ္ပဏီဘက်မှ လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။

**■ အမျိုးသားပင်စင်ပေးဆောင်ရမည့် ငွေပမာဏ (သင်မည်မျှပေးဆောင်ရမည်) နှင့် ပေးဆောင်နည်း**

ပင်စင်အတွက် မည်မျှပေးဆောင်ရမည်ကို နိုင်ငံတော်မှ သတ်မှတ်ပါမည်။ သတ်မှတ်ပြီးသွားပါက *"ငွေပေးသွင်းရန်အကြောင်းကြားစာ" ကို စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ ဘဏ်၊ စာတိုက်၊ နှစ်ဆယ့်လေးနာရီစတိုးဆိုင်တို့၌ ငွေပေးဆောင်ပါ။

နေထိုင်စားသောက်မှုဘဝ၌ ငွေကြေးနည်းပါးသောကြောင့် ဒုက္ခရောက်နေသူဖြစ်ပါက ပင်စင်ငွေထည့်ဝင်ရန် မလိုခြင်းမျိုးလည်း ရှိပါသည်။ မြို့အုပ်ချုပ်ရေးရုံး သို့မဟုတ် ပင်စင်ရုံးတို့၌ ဆွေးနွေးပါ။

*ငွေပေးသွင်းရန်အကြောင်းကြားစာ - ငွေပမာဏမည်မျှကို မည်သည့်ရက်နောက်ဆုံးထားပြီး သင်မှ ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးသည့်စာ

■ **အမျိုးသားပင်စင်ရယူမည့်အခါ**

ရယူနိုင်သည့် အမျိုးသားပင်စင်ငွေတွင် အောက်ပါဇယားရှိ ①～③ အထိ အမျိုးအစားများ ရှိပါသည်။ မည်သည့်ပင်စင်အမျိုးအစားရယူနိုင်ကြောင်း သို့မဟုတ် လျှောက်ထားရမည့်နည်းလမ်းတို့အတွက် သင်နေထိုင်သည့်နေရာမှ မြို့အုပ်ချုပ်ရေးရုံး သို့မဟုတ် ပင်စင်ရုံးတို့၌ မေးမြန်းပါ။

**[အမျိုးသားပင်စင်၏ အဓိကအမျိုးအစားများ]**

| ပင်စင်အမျိုးအစားများ | ရှင်းလင်းချက် | မည်ကဲ့သို့သောသူများ ရယူနိုင်ပါသနည်း |
|---|---|---|
| ① **အခြေခံ သက်ကြီးပင်စင်** | အသက် 65 မှစတင်၍ ပင်စင်ငွေရယူနိုင်ပါသည်။ အသက် 65 နှစ် ရှိချိန်၌ ဂျပန်နိုင်ငံတွင် မနေသော်လည်း ရယူနိုင်ပါသည်။ | 10 နှစ်နှင့်အထက် အမျိုးသားပင်စင် ထည့်ဝင်ထားသူများ ရယူနိုင်ပါသည်။ |
| ② **အခြေခံ မသန်စွမ်းပင်စင်** | နာမကျန်းဖြစ်ပြီး သို့မဟုတ် ထိခိုက်ဒဏ်ရာရပြီးနောက် မသန်စွမ်းဖြစ်သွားသည့်သူများ ရယူနိုင်ပါသည်။ | အဆိုပါ နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ဆရာဝန်ဖြင့် ပထမဆုံးအကြိမ် ပြသခဲ့သည့်ရက်မှာ အသက် 65 နှစ် မပြည့်သေးသည့်ကာလအတွင်းဖြစ်သည့်သူများ ရယူနိုင်ပါသည်။ |
| ③ **အခြေခံ ကျန်ရစ်သူမိသားစု ပင်စင်** | ပင်စင်ထည့်ဝင်ထားသူသေဆုံးသွားသည့်အခါ မိသားစုဝင်များမှ ရယူနိုင်ပါသည်။ | ・ကွယ်လွန်သူ၏ခင်ပွန်း သို့မဟုတ် ဇနီး သို့မဟုတ် သားသမီးများ<br>・ကွယ်လွန်သူမှ မိသားစုဝင်များအတွက် စားဝတ်နေရေးကုန်ကျစရိတ်ငွေပမာဏအများစုကို ကျခံပေးရသည့်အခါ ရယူနိုင်ပါသည်။ |

■ **တစ်လုံးတစ်ခဲတည်းထုတ်ယူငွေ (ဇာတိနိုင်ငံသို့ပြန်သည့်အခါ ရယူနိုင်သည့်ငွေ)**

အမျိုးသားပင်စင်ထည့်ဝင်ထားသူသည် အမျိုးသားပင်စင်ရပ်စဲပြီး ဇာတိနိုင်ငံသို့ပြန်မည့်အခါ တစ်လုံးတစ်ခဲတည်းထုတ်ယူငွေဟုသော ငွေကြေးကို ရယူနိုင်ပါသည်။

ဇာတိနိုင်ငံသို့ပြန်ရောက်ပြီးမှ 2 နှစ်အတွင်း ဂျပန်နိုင်ငံပင်စင်ဝန်ဆောင်မှုအဖွဲ့အစည်းထံ ငွေတောင်းခံလွှာ (ငွေရယူရန်အတွက်လျှောက်ထားသည့်စာ) စသည်တို့ကို စာတိုက်ဖြင့် ပေးပို့ပါ။ လက်ခံရယူရန်အတွက် သတ်မှတ်ချက်များ (မည်ကဲ့သို့သောသူများ ရယူနိုင်ကြောင်း) ရှိပါသည်။ ဂျပန်နိုင်ငံပင်စင်ဝန်ဆောင်မှုအဖွဲ့အစည်း (Japan Pension Service) ကို မေးမြန်းပါ။

■ **ဂျပန်နိုင်ငံပင်စင်ဝန်ဆောင်မှုအဖွဲ့အစည်း** (Japan Pension Service)

https://www.nenkin.go.jp/oshirase/taisetu/2024/202403/032602.html

## 3. လူမှုဖူလုံရေးပင်စင်နှင့်စပ်လျဉ်း၍

ကုမ္ပဏီ သို့မဟုတ် စက်ရုံ၊ ဆိုင် စသည်တို့၌ သတ်မှတ်ထားသည့်အချိန်ကာလထက် ပို၍ ကြာရှည်စွာ အလုပ်လုပ်ကိုင်ပြီး အသက် 70 မပြည့်သေးသည့်သူ များ ထည့်ဝင်ပါသည်။

■ **လူမှုဖူလုံရေးပင်စင်ထည့်ဝင်နည်း**

ထည့်ဝင်သည့်အချိန်၌ စာရွက်စာတမ်းလုပ်ဆောင်မှုကို ကုမ္ပဏီမှ ဆောင်ရွက်ရပါမည်။ သင် လုပ်ဆောင်ရန် မလိုပါ။

■ **လူမှုဖူလုံရေးပင်စင်ပေးဆောင်ရမည့် ငွေပမာဏ (သင်မည်မျှပေးဆောင်ရမည်) နှင့် ပေးဆောင်နည်းတို့နှင့်စပ်လျဉ်း၍**

လူမှုဖူလုံရေးပင်စင်ပေးဆောင်ရမည့် ငွေပမာဏကို ကုမ္ပဏီမှ သင်ရရှိမည့် လစဉ်လစာဖြင့် သတ်မှတ်ပါသည်။ ပင်စင်အတွက်ပေးဆောင်ရမည့် ငွေပမာဏ၏ထက်ဝက်ကို လစဉ် သင်ရရှိသည့် လစာထဲမှ ပေးဆောင်ရပါမည်။ ကျန်တစ်ဝက်ကို ကုမ္ပဏီမှ ပေးဆောင်ရပါမည်။ သင်ပေးဆောင်ရမည့်ငွေ နှင့် ကုမ္ပဏီမှ ပေးဆောင်ရမည့်ငွေတို့ကို အတူပေါင်းစပ်ပြီး ကုမ္ပဏီမှ ပေးဆောင်ရမည်ဖြစ်ပါသည်။

■ **အလုပ်ထွက်သည့်အခါ**

အလုပ်ထွက်သည့်အခါ လူမှုဖူလုံရေးပင်စင်သည်လည်း ရပ်သွားပါမည်။ အလုပ်ထွက်လိုက်ပါက အမျိုးသားပင်စင်သို့ ထည့်ဝင်ရန် စာရွက်စာတမ်းများ လုပ်ဆောင်ရပါမည်။ စာရွက်စာတမ်းလုပ်ဆောင်ရန် ကုမ္ပဏီထံမှ လူမှုဖူလုံရေးပင်စင်ရပ်သွားကြောင်းအထောက်အထားရယူပြီး နေထိုင်ခွင့်ကတ်ပြားကို ယူဆောင်ကာ မြို့အုပ်ချုပ်ရေးရုံး သို့မဟုတ် ပင်စင်ရုံးသို့ သွားရပါမည်။

# 5. ကျန်းမာရေးအာမခံနှင့် သူနာပြုစောင့်ရှောက်မှုအာမခံတို့နှင့်စပ်လျဥ်း၍

ကျန်းမာရေးအာမခံဌာနခွဲ　　ဖုန်း - 0942-30-9029

သူနာပြုစောင့်ရှောက်မှုအာမခံဌာနခွဲ　　ဖုန်း - 0942-30-9205

**1. ကျန်းမာရေးအာမခံနှင့်စပ်လျဥ်း၍**

ဂျပန်နိုင်ငံတွင်နေထိုင်သည့်သူ မည်သူမဆို ကျန်းမာရေးအာမခံ ထည့်ဝင်ရပါမည်။ နေထိုင်ခွင့်ကတ်ပြားရှိပြီး နေထိုင်ကြောင်းစာရင်းသွင်းထားသည့်သူ ဖြစ်ပါက မဖြစ်မနေ ထည့်ဝင်ရပါမည်။ သင့်တွင် ကျန်းမာရေးအာမခံ ထည့်ဝင်မည်/မထည့်ဝင်မည်ကို ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ကျန်းမာရေးအာမခံထည့်ဝင်ပါက အာမခံကတ်ပြား (အာမခံဝင်ထားကြောင်း သိနိုင်မည့်ကတ်ပြား) ရရှိမည်ဖြစ်ပါသည်။ နာမကျန်းဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် ဆေးရုံသို့သွားသည့်အခါ ဆေးရုံမှဝန်ထမ်းအား အာမခံကတ်ပြားကို ပြသပါ။ ဆေးရုံသို့ ပေးချေရသည့်ငွေပမာဏ သက်သာမည်ဖြစ်ပါသည်။

ဂျပန်တွင် ကျန်းမာရေးအာမခံ 2 မျိုးရှိပါသည်။ ကုမ္ပဏီ၏ ကျန်းမာရေးအာမခံနှင့် မြို့ သို့မဟုတ် မြို့နယ်၏ အမျိုးသားကျန်းမာရေး အာမခံတို့ ဖြစ်ပါသည်။

**2-① ကျန်းမာရေးအာမခံ (ကုမ္ပဏီ၏ အာမခံ)**

**■ ကျန်းမာရေးအာမခံ ထည့်ဝင်သည့်သူ**

ကုမ္ပဏီ၌ အလုပ်လုပ်နေသူများသည် ကုမ္ပဏီ၏ ကျန်းမာရေးအာမခံသို့ ထည့်ဝင်ရပါမည်။ ထည့်ဝင်နိုင်ခြင်းရှိမရှိကို ကုမ္ပဏီမှတာဝန်ရှိသူထံ မေးမြန်းပါ။ ကျန်းမာရေးအာမခံထည့်ဝင်ထားသူ၏ ဂျပန်နိုင်ငံရှိ မိသားစုဝင်များသည်လည်း ကျန်းမာရေးအာမခံ ထည့်ဝင်နိုင်ပါသည်။ မိသားစုဝင်များပါ ကျန်းမာရေး အာမခံထည့်ဝင်နိုင်ခြင်းရှိမရှိကို ကုမ္ပဏီမှ တာဝန်ရှိသူထံ မေးမြန်းပါ။

**■ ထည့်ဝင်နည်း**

စာရွက်စာတမ်းဆောင်ရွက်မှုများကို ကုမ္ပဏီမှ လုပ်ဆောင်ပါမည်။

**■ အာမခံကြေး (ကျန်းမာရေးအာမခံ ထည့်ဝင်ရသောငွေ)**

အာမခံကြေးကို ကုမ္ပဏီမှ သင်ရရှိသောလစာဖြင့် သတ်မှတ်ပါသည်။ အာမခံကြေး၏ထက်ဝက်ကို သင်ရရှိသောလစာထဲမှ ပေးချေရပါသည်။ ကျန်တစ်ဝက်ကို ကုမ္ပဏီမှ ပေးဆောင်ရပါမည်။

**■ အလုပ်ထွက်သည့်အခါ**

အလုပ်ထွက်သည့်အခါ ကျန်းမာရေးအာမခံသည်လည်း ရပ်သွားမည်ဖြစ်ပါသည်။ အမျိုးသားကျန်းမာရေးအာမခံသို့ ထည့်ဝင်မည့်အကြောင်းကြားစာကိုလည်း သင်ကိုယ်တိုင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ပထမဦးစွာ ကျန်းမာရေးအာမခံ ရပ်သွားကြောင်း အထောက်အထားကို ကုမ္ပဏီထံမှ ရယူရပါမည်။ ထို့နောက် ထိုအထောက်အထားနှင့် နေထိုင်ခွင့်ကတ်ပြားတို့ကို ယူဆောင်ပြီး မြို့အုပ်ချုပ်ရေးရုံးသို့ အကြောင်းကြားစာ တင်သွင်းရပါမည်။

**2-② အမျိုးသားကျန်းမာရေးအာမခံ (မြို့ သို့မဟုတ် မြို့နယ်၏ အာမခံ)**

**■ အမျိုးသားကျန်းမာရေးအာမခံ ထည့်ဝင်သည့်သူ**

နေထိုင်ကြောင်းစာရင်းသွင်းထားသူဖြစ်ပြီး ကုမ္ပဏီ၏အာမခံများ၌ ထည့်ဝင်မထားသည့်သူဖြစ်ပါက မဖြစ်မနေ ထည့်ဝင်ရပါမည်။

**■ ထည့်ဝင်နည်း**

နေထိုင်ခွင့်ကတ်ပြား၊ နိုင်ငံကူးလက်မှတ်၊ My Number ကတ် သို့မဟုတ် အသိပေးအကြောင်းကြားစာကတ်တို့ကို ယူဆောင်ပြီး
မြို့အုပ်ချုပ်ရေးရုံးသို့သွား ကာ အကြောင်းကြားစာတင်သွင်းရပါမည်။ “အထူးသတ်မှတ်ထားသောလုပ်ရှားမှု”
နေထိုင်ခွင့်အမျိုးအစားရှိသည့်သူများသည် သတ်မှတ်ထားသော စာရွက်စာတမ်းများကိုပါ ယူဆောင်လာရပါမည်။

■ **အာမခံကြေး (အမျိုးသားကျန်းမာရေးအာမခံသို့ ထည့်ဝင်ရသောငွေ) နှင့် ပေးဆောင်ရမည့်နည်းလမ်း**

အာမခံကြေးကို သင်၏ယခင်နှစ်မှဝင်ငွေနှင့် မိသားစုဝင်ဦးရေတို့ဖြင့် သတ်မှတ်ပါသည်။

နှစ်စဉ် ဇွန်လဝန်းကျင်၌ အာမခံကြေးအတွက် အသိပေးစာကို မြို့အုပ်ချုပ်ရေးရုံးမှနေ၍ စာတိုက်မှတစ်ဆင့် ပေးပို့ပါမည်။

အတူပါလာသော ငွေပေးချေမှုစလစ်ကိုသုံးပြီး ပေးချေပါ။ ဘဏ်၊ စာတိုက်၊ နှစ်ဆယ့်လေးနာရီစတိုးဆိုင်တို့၌ ပေးချေနိုင်ပါသည်။ ပြဿနာတစ်စုံတစ်ရာ ရှိပါက မြို့အုပ်ချုပ်ရေးရုံး၌ ဆွေးနွေးပါ။

**3. ဆေးကုသမှုစရိတ် (ဆေးရုံသို့ပေးချေရသောငွေကြေး) အလွန်ကြီးမားသောအခါ**

1 လအတွင်း ဆေးရုံသို့ သင်ပေးချေရမည့်ငွေပမာဏမှာ သတ်မှတ်ထားသည့်ပမာဏထက် များစွာပိုနေသည့်အခါ ပေးချေပြီးနောက်ပိုင်း၌ ငွေပြန်ရမည် ဖြစ်ပါသည်။ မည်မျှပြန်ရမည်ဖြစ်ကြောင်းကို သင့်ဝင်ငွေနှင့် သင်နှင့်အတူနေထိုင်သော မိသားစုဝင်များ၏ဝင်ငွေတို့ဖြင့် ဆုံးဖြတ်ပါသည်။ ၎င်းကို “ပမာဏများပြားသော ဆေးကုသမှုစရိတ်စနစ်” ဟု ခေါ်ပါသည်။

ငွေပြန်ရမရနှင့်ပတ်သက်၍ ကုမ္ပဏီ၏ ကျန်းမာရေးအာမခံဝင်ထားသူဖြစ်ပါက ကုမ္ပဏီမှ တာဝန်ရှိသူနှင့် ဆွေးနွေးပါ။ အမျိုးသားကျန်းမာရေးအာမခံ ဝင်ထားသူဖြစ်ပါက မြို့အုပ်ချုပ်ရေးရုံးတွင် ဆွေးနွေးပါ။

ဆေးရုံတက်ရသည့်အခါစသည့် ငွေအများအပြားလိုအပ်ချိန်များတွင် *ကိုယ်တိုင်ကျခံနိုင်သည့်အများဆုံးငွေပမာဏကန့်သတ်ချက်လက်မှတ်ကိုလည်း ရယူနိုင်ပါသည်။ ကိုယ်တိုင်ကျခံနိုင်သည့်အများဆုံးငွေပမာဏကန့်သတ်ချက်လက်မှတ် လိုအပ်ပါက ကုမ္ပဏီမှ တာဝန်ရှိသူ သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံး တို့နှင့် ဆွေးနွေးပါ။

*ကိုယ်တိုင်ကျခံနိုင်သည့်အများဆုံးငွေပမာဏကန့်သတ်ချက်လက်မှတ် - ဤစာရွက်ရှိမည်ဆိုပါက သတ်မှတ်ထားသောငွေပမာဏအထိသာ ဆေးရုံသို့ ပေးချေ နိုင်ပါသည်။ အာမခံကတ်ပြားနှင့်အတူ ဆေးရုံသို့ လစဉ် ပြသပါ။

**4. ကျန်းမာရေးအာမခံမှရယူနိုင်သောငွေ**

■ **ကလေးမွေးဖွားရန်နှင့် ကလေးပြုစုစောင့်ရှောက်ရန် တစ်လုံးတည်းငွေ**

ကျန်းမာရေးအာမခံဝင်ထားသူမှ ကလေးမီးဖွား (ကလေးမွေးခြင်း) သည့်အခါ ရယူနိုင်သောငွေ ဖြစ်ပါသည်။

■ **နာရေးစရိတ်**

ကျန်းမာရေးအာမခံဝင်ထားသူ သေဆုံးသွားသည့်အခါ ထိုသူ၏နာရေးကို ကျင်းပပေးသူမှ ရရှိသောငွေ ဖြစ်ပါသည်။

**5. သူနာပြုစောင့်ရှောက်မှုအာမခံနှင့်စပ်လျဥ်း၍**

သူနာပြုစောင့်ရှောက်မှုအာမခံ ထည့်ဝင်ထားသူများသည် အသက်အရွယ်အိုမင်းလာခြင်း၊ အထူးသီးသန့်ဖြစ်သော နာမကျန်းမှုဖြစ်ခြင်းတို့ကြောင့် *သူနာပြုစောင့်ရှောက်မှုခံယူရန် လိုအပ်လာသောအခါ ဝန်ဆောင်မှုရယူနိုင်ပါသည်။

*သူနာပြုစောင့်ရှောက်မှု - ထမင်းစားခြင်း၊ ရေစိမ်ကန်ဝင်ခြင်းကဲ့သို့သော နေထိုင်စားသောက်မှုဆိုင်ရာနေ့စဉ်လုပ်ငန်းဆောင်တာများကို ကိုယ်တိုင်လုပ်ရန် ခက်ခဲသောအခါ အခြားသူမှ ကူညီပေးရခြင်း ဖြစ်ပါသည်။

■ **သူနာပြုစောင့်ရှောက်မှုအာမခံ ထည့်ဝင်ရမည့်သူ**

အသက် 40 နှင့်အထက်ရှိသည့် ကျန်းမာရေးအာမခံထည့်ဝင်ထားသူ မည်သူမဆို သူနာပြုစောင့်ရှောက်မှုအာမခံကို မဖြစ်မနေ ထည့်ဝင်ရပါမည်။

■ **သူနာပြုစောင့်ရှောက်မှုအာမခံအတွက် ငွေပေးဆောင်နည်း**

အသက် 40 မှ 64 နှစ်ကြားရှိသည့်သူများသည် ကျန်းမာရေးအာမခံနှင့်အတူ ပေးဆောင်ရပါမည်။

အသက် 65 နှစ်နှင့်အထက်ရှိသူများသည် မြို့အုပ်ချုပ်ရေးရုံးသို့ အာမခံကြေး ပေးဆောင်ရပါမည်။ အာမခံကြေးကို သင်၏ယခင်နှစ်မှဝင်ငွေနှင့် မိသားစုဝင်တို့၏ ဝင်ငွေအခြေအနေစသည်တို့ဖြင့် ဆုံးဖြတ်ပါမည်။

နှစ်စဉ် ဇွန်လဝန်းကျင်၌ အာမခံကြေးအတွက် အသိပေးစာကို မြို့အုပ်ချုပ်ရေးရုံးမှနေ၍ စာတိုက်မှတစ်ဆင့် ပေးပို့ပါမည်။

အတူပါလာသော ငွေပေးချေမှုစလစ်ကိုသုံးပြီး ပေးချေပါ။ ဘဏ်၊ စာတိုက်၊ နှစ်ဆယ့်လေးနာရီစတိုးဆိုင်တို့၌ ပေးချေနိုင်ပါသည်။ ထို့အပြင် ရရှိထားသော ပင်စင်ငွေထဲမှ ပေးဆောင်ရသည့်သူများလည်း ရှိပါသည်။

■ **သူနာပြုစောင့်ရှောက်မှု အာမခံဝန်ဆောင်မှု ရယူနိုင်သည့်သူ**

သူနာပြုစောင့်ရှောက်မှု အာမခံဝန်ဆောင်မှု ရယူနိုင်သည့်သူမှာ အသက် 65 နှစ်နှင့်အထက်ရှိသူများ ဖြစ်ပါသည်။
အသက် 40 မှ 64 နှစ်ကြားရှိသူဖြစ်ပါက အထူးသီးသန့် နာမကျန်းမှုများဖြစ်ပွားသည့်အခါ ဝန်ဆောင်မှုရယူနိုင်ပါသည်။

■ **သူနာပြုစောင့်ရှောက်မှု အာမခံဝန်ဆောင်မှု လက်ခံရယူနည်း**

သူနာပြုစောင့်ရှောက်မှု လိုအပ်သည်ဟု ယူဆပါက ပထမဦးစွာ မြို့အုပ်ချုပ်ရေးရုံးသို့သွားပြီး ဆွေးနွေးပါ။ မြို့အုပ်ချုပ်ရေးရုံးမှ ကျွမ်းကျင်ပညာရှင်များ နေအိမ်သို့လာရောက်ပြီး သူနာပြုစောင့်ရှောက်မှု မည်မျှလိုအပ်ကြောင်း စုံစမ်းစစ်ဆေးပါမည်။ သူနာပြုစောင့်ရှောက်မှုလိုအပ်သည်ဟု ဆုံးဖြတ်ပါက လိုအပ်သော သူနာပြုစောင့်ရှောက်မှု ဝန်ဆောင်မှုအမျိုးအစားကို ဆုံးဖြတ်ပါမည်။ သူနာပြုစောင့်ရှောက်မှု ဝန်ဆောင်မှုအမျိုးအစား ဆုံးဖြတ်မည့်အခါ Care Manager (ဝန်ဆောင်မှုရယူရန်အတွက် လိုအပ်သောအစီအစဉ်ရေးဆွဲခြင်း၊ မည်ကဲ့သို့သောဝန်ဆောင်မှုများရှိကြောင်း ရှာဖွေခြင်းတို့ လုပ်ဆောင် သည့် ကျွမ်းကျင်ပညာရှင်) နှင့် ဆွေးနွေးပါ။

# 6. သားသမီးကိစ္စနှင့်စပ်လျဉ်း၍

ကလေးပြုစုပျိုးထောင်မှုကူညီပံ့ပိုးရေးစင်တာ ဖုန်း - 0942-30-9302

ကျန်းမာရေးအာမခံနှင့် ကြိုတင်ကာကွယ်ရေးဌာနခွဲ ဖုန်း - 0942-30-9730

ကျောင်းပညာရေးဌာနခွဲ ဖုန်း - 0942-30-9217

ကလေးပြုစုစောင့်ရှောက်မှုဌာနခွဲ ဖုန်း - 0942-30-9025

ကျောင်းကျန်းမာရေးဌာနခွဲ ဖုန်း - 0942-30-9273

ကိုယ်ဝန်ရှိသောအခါ၊ ကလေးမွေးသောအခါ၊ ကလေးပြုစုစောင့်ရှောက်သောအခါတို့တွင် မသိနားမလည်သည့်ကိစ္စများရှိပါက၊ အခက်အခဲကြုံလာပါက မြို့အုပ်ချုပ်ရေးရုံး၌ အမျိုးမျိုး မေးမြန်းနိုင်ပါသည်။ ငွေရေးကြေးရေးကိစ္စများလည်း ဆွေးနွေးနိုင်ပါသည်။

**● ကလေးမမွေးမီ လုပ်ဆောင်ရမည့်အရာများ**

1. ကိုယ်ဝန်ဆောင်ထားကြောင်းအကြောင်းကြားခြင်း (ကိုယ်ဝန်လွယ်ထားရကြောင်းကို မြို့အုပ်ချုပ်ရေးရုံးသို့ အသိပေးခြင်း)

ကိုယ်ဝန်ရှိလာသောအခါ မြို့အုပ်ချုပ်ရေးရုံးသို့ ကိုယ်ဝန်ဆောင်ထားကြောင်းအကြောင်းကြားစာ တင်သွင်းရပါမည်။ မြို့အုပ်ချုပ်ရေးရုံး၌ “*မိခင်နှင့်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ်” ရယူရပါမည်။ အခြားအနေနှင့် “*ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု ထောက်ပံ့ကြေးနှင့် ဆေးစစ်လက်မှတ်”၊ “*မွေးကင်းစကလေး အကြားအာရုံစစ်ဆေးမှု ဆေးစစ်လက်မှတ်”၊ “*မီးနေသည်ကျန်းမာရေးစစ်ဆေးမှု ဆေးစစ်လက်မှတ်”၊ “*မီးဖွားကြောင်း အကြောင်းကြားသည့်ကတ်”၊ “*မီးဖွားခြင်းဆိုင်ရာသင်တန်းလမ်းညွှန်” တို့ကို ရရှိပါမည်။

*မိခင်နှင့်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ် - မိခင်နှင့် ကလေး၏ ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ကလေးမွေးလာသည့်အချိန်ရှိ အကြောင်းအရာများ၊ ကျန်းမာရေးစစ်ဆေးမှုရလဒ်များနှင့် ကာကွယ်ဆေးထိုးခြင်းစသည့် ကလေးနှင့်ဆိုင်သော အကြောင်းအရာများ ရေးသားပါသည်။

*ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု ဆေးစစ်လက်မှတ် - မိခင်နှင့်ကလေး ကျန်းမာခြင်းရှိမရှိကို ဆေးရုံ၌ စစ်ဆေးရပါမည်။ ဆေးရုံ၌သုံးရပါမည်။ စမ်းသပ်စစ်ဆေးမှု 14 ကြိမ် လုပ်ဆောင်ရပါမည်။

*မွေးကင်းစကလေးအကြားအာရုံစစ်ဆေးမှု ဆေးစစ်လက်မှတ် - ကလေး နားကြားမကြားကို ဆေးရုံ၌ စစ်ဆေးရပါမည်။ ဆေးရုံ၌ သုံးရပါမည်။

*မီးနေသည်ကျန်းမာရေးစစ်ဆေးမှု ဆေးစစ်လက်မှတ် - ကလေးမွေးပြီးနောက် မိခင်နှင့်ကလေး၏ခန္ဓာကိုယ် ကျန်းမာခြင်းရှိမရှိကို စစ်ဆေးရပါမည်။ ဆေးရုံ၌ သုံးရပါမည်။ စမ်းသပ်စစ်ဆေးမှု 2 ကြိမ် လုပ်ဆောင်ရပါမည်။

*မီးဖွားကြောင်း အကြောင်းကြားသည့်ကတ် - ကလေးမွေးဖွားကြောင်းကို မြို့အုပ်ချုပ်ရေးရုံးသို့ ပြောသည့်အခါ၌ သုံးရပါမည်။

*မီးဖွားခြင်းဆိုင်ရာသင်တန်း - ကိုယ်ဝန်ဆောင်နေသည့်အချိန်နှင့် ကလေးမွေးဖွားသည့်အချိန်၊ ကလေးပြုစုပျိုးထောင်သည့်အချိန်တို့၌ အရေးကြီးသည့်အရာများကို မိခင်လောင်း၊ ဖခင်လောင်းနှင့် ၎င်းတို့၏မိသားစုဝင်များမှ လေ့လာသင်ယူရပါမည်။

**2. ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု (ကျန်းမာရေးစစ်ဆေးခြင်း)**

ကိုယ်ဝန်ရှိလာပါက ဆေးရုံသို့သွားပြီး မိခင်နှင့် ဗိုက်ထဲရှိကလေးတို့၏ ကျန်းမာရေးကို စစ်ဆေးရပါမည်။

ဆေးရုံသို့သွားသည့်အခါ မြို့အုပ်ချုပ်ရေးရုံးမှ ရရှိထားသော “ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု ဆေးစစ်လက်မှတ်” ကို ယူသွားရပါမည်။ စမ်းသပ်စစ်ဆေးမှု စုစုပေါင်း 14 ကြိမ် လုပ်ဆောင်နိုင်ပါသည်။ မြို့အုပ်ချုပ်ရေးရုံးမှသတ်မှတ်ထားသော စမ်းသပ်စစ်ဆေးမှုများကို ခံယူမည်ဆိုပါက အခကြေးငွေ မလိုအပ်ပါ။

• **ကလေးမွေးလာပါက လုပ်ဆောင်ရမည့်အရာများ**

**3. မီးဖွားကြောင်း အကြောင်းကြားခြင်း (ကလေးမွေးလာသည့်အကြောင်းကို မြို့အုပ်ချုပ်ရေးရုံးသို့ အသိပေးခြင်း)**

ကလေးမွေးဖွားသည့်ရက်မှစ၍ 14 ရက်အတွင်း မြို့အုပ်ချုပ်ရေးရုံးသို့ မီးဖွားကြောင်း အကြောင်းကြားစာ ပေးပို့ရပါမည်။ ဖခင်နှင့် မိခင်ဖြစ်သူမှာ နိုင်ငံခြားသားများဖြစ်စေကာမူ ပေးပို့ရပါမည်။ ဖခင်နှင့် မိခင်တို့ လက်ထပ်ထားကြောင်းကို သိမြင်နိုင်မည့် အထောက်အထားနှင့် နိုင်ငံကူးလက်မှတ်တို့ ယူဆောင်လာပါ။ နားမလည်ပါက မြို့သူမြို့သားရေးရာဌာနခွဲသို့ မေးမြန်းပါ။ ဖခင်နှင့်မိခင် နှစ်ဦးစလုံး နိုင်ငံခြားသားများဖြစ်ပါက မွေးဖွားလာသည့်ကလေးသည် ရက် 60 နှင့်အထက်ပို၍ ဂျပန်နိုင်ငံ၌ နေထိုင်မည့်အခါ ကလေးအတွက် "နေထိုင်ခွင့်အမျိုးအစား" (ဂျပန်နိုင်ငံ၌ နေထိုင်နိုင်မည့် အရည်အချင်း) ရယူရပါမည်။ ကလေးမွေးဖွားသည့်ရက်မှစ၍ ရက်ပေါင်း 30 အတွင်း လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ သွားရပါမည်။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ တင်ပြရမည့်စာရွက်စာတမ်းများနှင့်ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၌ မေးမြန်းပါ။

**4. ကလေးကျန်းမာရေး စစ်ဆေးမှု**

မွေးဖွားလာသောကလေး ကျန်းမာခြင်းရှိမရှိကို ဆေးရုံမှဆရာဝန်မှ အခါအားလျော်စွာ စစ်ဆေးပေးမည်ဖြစ်ပါသည်။ ကလေးနှင့်ပတ်သက်ပြီး မိခင်မှ စိတ်ပူပန်နေသည့်ကိစ္စများရှိပါက မသိသည့်ကိစ္စများကို ဆွေးနွေးနိုင်ပါသည်။ အသိပေးသည့်စာကို စာတိုက်မှတစ်ဆင့် မြို့အုပ်ချုပ်ရေးရုံးမှ ပေးပို့ပါမည်။ အခကြေးငွေ မလိုပါ။

| စမ်းသပ်စစ်ဆေးမှု အမည် | ကလေး၏အသက် | သိထားရမည့်အရာများ |
|---|---|---|
| နို့စို့ကလေး ကျန်းမာရေးစစ်ဆေးမှု | ・4 လ<br>・10 လ<br>・အသက် 1 နှစ်ခွဲ<br>・အသက် 3 နှစ် | ・Kurume City မှသတ်မှတ်ထားသောဆေးရုံ သို့မဟုတ် စာထဲ၌ရေးထားသောနေရာများတွင် ခံယူနိုင်ပါသည်။<br>・စာထဲ၌ပါရှိသည့် "ကျန်းမာရေးစစ်ဆေးမှု ဆေးစစ်လက်မှတ်" ကို ဖြည့်သွင်းပြီး မိခင်နှင့်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ်နှင့်အတူ ယူဆောင်သွားရပါမည်။<br>・အသက် 1 နှစ်ခွဲနှင့် 3 နှစ်အချိန်များ၌ ကလေး၏သွားများ ကျန်းမာခြင်းရှိမရှိကို စစ်ဆေးရပါမည်။ |

**5. ကာကွယ်ဆေးထိုးခြင်း**

ဂျပန်နိုင်ငံတွင် ကလေးမွေးလာပါက အချို့သော ပြင်းထန်သည့်ရောဂါများ မဖြစ်ပွားစေရန်အတွက် ဆေးထိုးပေးပါသည်။ ၎င်းကို "ကာကွယ်ဆေးထိုးခြင်း" ဟု ခေါ်ပါသည်။ "ကာကွယ်ဆေးထိုး" ထားပါက ရောဂါဖြစ်ပွားသော်လည်း ရောဂါပြင်းထန်မည်မဟုတ်ပါ။ ကာကွယ်ဆေးကို မြို့အုပ်ချုပ်ရေးရုံးမှ သတ်မှတ်ထားသော ဆေးရုံ၌ ထိုးရပါမည်။ ကာကွယ်ဆေးထိုးမည့်အခါ "မိခင်နှင့်ကလေး ကျန်းမာရေးမှတ်တမ်းစာအုပ်" ကို ယူသွားရပါမည်။ အခကြေးငွေ မလိုပါ။

• **ကလေးပြုစုပျိုးထောင်သည့်အချိန်၌ ရယူနိုင်သောငွေနှင့် ပံ့ပိုးကူညီမှုစနစ်များ**

**6. ကလေးသူငယ်ထောက်ပံ့ကြေး (ကလေးပြုစုပျိုးထောင်ရန်အတွက် ငွေကြေး)**

ကလေးပြုစုပျိုးထောင်နေသည့်သူမှ လျှောက်ထားပြီး ကလေးသူငယ်ထောက်ပံ့ကြေး(ငွေ) ကို မြို့အုပ်ချုပ်ရေးရုံးမှ ရယူနိုင်ပါသည်။
ကလေး အသက် 2 နှစ်အထိ လစဉ် ယန်း 15,000 ရရှိပါမည်။ အသက် 3 နှစ်မှ 15 နှစ်အထိ လစဉ် ယန်း 10,000 ရရှိပါမည်။

**7. ကလေးဆေးကုသမှုစနစ် (ကလေးများ ဆေးရုံသို့သွားပြရသည့်အခါ ငွေကြေးကူညီပေးသည့်စနစ်)**

အသက် 0 နှစ်မှ 15 နှစ်ကြားရှိ ကလေးငယ်များ ဆေးရုံသွားပြရသည့်အခါ ဆေးရုံသို့ပေးချေရမည့် ငွေပမာဏ သက်သာမည်ဖြစ်ပါမည်။ ဤစနစ် အသုံးပြုမည့်အခါ အထူးအထောက်အထားလက်မှတ်များ လိုအပ်ပါသည်။ အထောက်အထားလက်မှတ်ကို မြို့အုပ်ချုပ်ရေးရုံး၌ ရယူရပါမည်။ မြို့အုပ်ချုပ်ရေးရုံး၌ ဆွေးနွေးပါ။

■ **ကလေးထိန်းစင်တာ၊ မူကြို**

မူလတန်းကျောင်းတက်ရန်လိုသေးသောကလေးများကို အပ်နှံနိုင်ပါသည်။ ဖခင်၊ မိခင်တို့ကိုယ်စား ကလေးပြုစုစောင့်ရှောက်ပေးခြင်း၊ စာသင်ကြားပေးခြင်း များ လုပ်ဆောင်ပါသည်။ အပ်မည့်နေရာကို ဖခင်နှင့်မိခင်တို့မှ သေချာစဉ်းစားပြီး ရွေးချယ်ရပါမည်။

**8-① ကလေးထိန်းစင်တာ (ကလေးထိန်းကျောင်း)**

ကလေးထိန်းစင်တာ (ကလေးထိန်းကျောင်း) ဆိုသည်မှာ ဖခင်နှင့် မိခင်တို့ အလုပ်လုပ်ကိုင်ခြင်းစသည်တို့ကြောင့် အိမ်၌ ပြုစုစောင့်ရှောက်ရန် မဖြစ်နိုင်သော ကလေးများကို အပ်နှံသည့်နေရာဖြစ်ပါသည်။ အသက် 0 နှစ်မှစ၍ မူလတန်းကျောင်းမတက်မီအထိ ကလေးများကို အပ်နှံနိုင်ပါသည်။

**8-② မူကြို**

မူကြိုဆိုသည်မှာ ဆော့ကစားရင်းဖြင့် နေထိုင်စားသောက်မှုဘဝနှင့် စာလေ့လာမှုတို့ လုပ်ဆောင်သောနေရာ ဖြစ်ပါသည်။ အသက် 3 နှစ်မှစ၍ မူလတန်းကျောင်းမတက်မီအထိ ကလေးများ တက်နိုင်ပါသည်။

**■ ဂျပန်နိုင်ငံ၏ကျောင်းများ**

ဂျပန်နိုင်ငံတွင် ဧပြီလ 1 ရက်နေ့၌ အသက် 6 နှစ်ရှိသည့်ကလေးများ မူလတန်းကျောင်းသို့ စတင်တက်ရောက်ရပါသည်။ ကလေးများသည် မူလတန်းကို 6 နှစ် တက်ရပါသည်။ ယင်းနောက်တွင် အလယ်တန်းကို 3 နှစ် တက်ရပါသည်။ အသက် 6 နှစ်မှ 15 နှစ်ကြား ကလေးရှိသော ဂျပန်မိဘများသည် ၎င်းတို့၏ ကလေးများကို ကျောင်းသို့ ပို့ရန် တာဝန်ရှိပါသည်။ ၎င်းကို မသင်မနေရပညာရေးဟု ခေါ်ပါသည်။ မူလတန်းနှင့် အလယ်တန်းတို့အတွက် ကျောင်းလခနှင့် ဖတ်စာအုပ်ဖိုးများမှာ အခပေးရန်မလိုပါ။ Kurume City တွင် နေထိုင်ကြောင်းစာရင်းသွင်းလိုက်ပါက နိုင်ငံခြားသားများသည်လည်း ဂျပန်နိုင်ငံ၏ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများသို့ တက်ရောက်နိုင်ပါသည်။ နားမလည်ပါက မြို့အုပ်ချုပ်ရေးရုံးမှ ကျောင်းပညာရေးဌာနခွဲ သို့ မေးမြန်းပါ။

**[ကလေးများ၏အသက်နှင့်ကျောင်း ဆက်နွယ်ပုံ]**

| အသက် | | 7 နှစ် | 8 နှစ် | 9 နှစ် | 10 နှစ် | 11 နှစ် | 12 နှစ် | 13 နှစ် | 14 နှစ် | 15 နှစ် | 16 နှစ် | 17 နှစ် | 18 နှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကျောင်း | မူလတန်း | | | | | | အလယ်တန်း | | | အထက်တန်း | | | |
| အတန်း | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဥ္စမနှစ် | ဆဋ္ဌမနှစ် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | |
| | မသင်မနေရပညာရေး | | | | | | | | | | | | |

● **ကျောင်းတက်ရန်ကူညီပံ့ပိုးမှုစနစ် (ကလေးများ ကျောင်းတက်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ပေးသည့်စနစ်)**

သင့်ကလေးသည် Kurume City ရှိ မူလတန်း သို့မဟုတ် အလယ်တန်းကျောင်းသို့ တက်ရန်အတွက် ငွေကြေးမလုံလောက်ပါက ငွေကြေးထောက်ပံ့ပေးသည့်စနစ် ရှိပါသည်။ "ကျောင်းတက်ရန်ကူညီပံ့ပိုးမှု" ဟု ခေါ်ပါသည်။ ဤငွေကို ကလေးမှ ကျောင်း၌သုံးမည့်ပစ္စည်းများ (ယူနီဖောင်း၊ စာရေးကိရိယာ) သို့မဟုတ် ကျောင်း၌စားမည့် ကျောင်းနေ့လယ်စာ (ထမင်း) တို့အတွက် သုံးရပါမည်။

ကျောင်းတက်ရန်ကူညီပံ့ပိုးမှု ရယူလိုသည့်အခါ မြို့အုပ်ချုပ်ရေးရုံးမှ ကျောင်းကျန်းမာရေးဌာနခွဲ သို့မဟုတ် စာသင်ကျောင်းတို့၌ လျှောက်လွှာရေးဖြည့်ပြီး လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ တင်ပြရပါမည်။ နားမလည်သည့်အခါ ကျောင်း၏ရုံးပိုင်းဆိုင်ရာဝန်ထမ်း သို့မဟုတ် မြို့အုပ်ချုပ်ရေးရုံးမှ ကျောင်းကျန်းမာရေးဌာနခွဲတို့သို့ မေးမြန်းပါ။

"ကျောင်းတက်ရန်ကူညီပံ့ပိုးမှု" ရယူနိုင်သည့်သူများ

⇒ ဝင်ငွေ (လစာကဲ့သို့သော စားဝတ်နေရေးအတွက် ငွေကြေး) နည်းပါးသည့်သူစသည်

# 7. အမှိုက်စွန့်ပစ်နည်းနှင့်စပ်လျဉ်း၍

အရင်းအမြစ်ပြန်လည်အသုံးပြုမှုစက်ဝန်းမြှင့်တင်ရေးဌာနခွဲ ဖုန်း - 0942-37-3342

နေအိမ်မှထွက်သောအမှိုက်များကို "လောင်ကျွမ်းနိုင်သောအမှိုက် (မီးရှို့၍ရသောအမှိုက်)" "မလောင်ကျွမ်းနိုင်သောအမှိုက်" "အရင်းအမြစ်အဖြစ်ပြန်သုံးနိုင်သောအမှိုက်" တို့အဖြစ်ခွဲခြားပြီး "သီးခြားအိတ်" များဖြင့်ထည့်သွင်းကာ "သတ်မှတ်နေရာ" "သတ်မှတ်ရက်" "သတ်မှတ်အချိန်အတွင်း" စွန့်ပစ်ပါ။ သင်နေထိုင်လျက်ရှိသောကျောင်းနယ်မြေအလိုက် အမှိုက်စွန့်ပစ်ရမည့်ရက်နှင့် သတ်မှတ်ချက်များ ကွဲပြားပါသည်။
သင်အမှိုက်စွန့်ပစ်မည့်အခါ နေထိုင်သည့်နေရာမှ သတ်မှတ်ချက်များအတိုင်း လိုက်နာပါ။ နားမလည်ပါက မြို့အုပ်ချုပ်ရေးရုံးမှ အရင်းအမြစ်ပြန်လည်အသုံးပြုမှုစက်ဝန်းမြှင့်တင်ရေးဌာနခွဲသို့ မေးမြန်းပါ။

**■ လောင်ကျွမ်းနိုင်သောအမှိုက် (မီးရှို့၍ရသောအမှိုက်)**

Kurume City မှ သတ်မှတ်ထားသောအိတ် (အမှိုက်ထည့်ရန် သီးသန့်သုံးသည့်အိတ်) ထဲသို့ထည့်ပြီး လောင်ကျွမ်းနိုင်သောအမှိုက်များ စွန့်ပစ်ရသည့်ရက် ၌ စွန့်ပစ်ရပါမည်။ သတ်မှတ်ထားသောအိတ် (အမှိုက်ထည့်ရန် သီးသန့်သုံးသည့်အိတ်) ကို မြို့ထဲမှ စူပါမားကတ်နှင့် နှစ်ဆယ့်လေးနာရီစတိုးဆိုင်များ၌ ဝယ်ယူနိုင်ပါသည်။

**・အမှိုက်အမျိုးအစားများ (အဓိကပစ္စည်းများ)**

အမှိုက်စို (အစားအသောက်အမှိုက်)၊ ဒိုင်ပါ၊ ရာဘာဖြင့်ပြုလုပ်ထားသောအရာများ (ဖိနပ်၊ ဘောလုံးစသည်)၊ ပလတ်စတစ်ပစ္စည်းများ (ကစားစရာ၊ ခြင်းတောင်း စသည်)၊ အဝတ်အထည် (ညစ်ပေနေသော အဝတ်အစားများ သို့မဟုတ် အမွေးပွရုပ်များ စသည်)၊ ပေါင်းပင်နှင့် သစ်ရွက်ကြွေများ စသည်
*အမှိုက်စိုများကို ရေပြောင်စင်အောင် ညှစ်ပြီးမှ စွန့်ပစ်ရပါမည်။

**■ မလောင်ကျွမ်းနိုင်သောအမှိုက်များ (မီးရှို့၍မရသောအမှိုက်)**

Kurume City မှ သတ်မှတ်ထားသောအိတ် (အမှိုက်ထည့်ရန် သီးသန့်သုံးသည့်အိတ်) ထဲသို့ထည့်ပြီး စွန့်ပစ်ရပါမည်။ အရင်းအမြစ်အဖြစ်ပြန်သုံးနိုင်သော အမှိုက် စွန့်ပစ်ရသည့်ရက်၌ စွန့်ပစ်ရပါမည်။ သတ်မှတ်ထားသောအိတ် (အမှိုက်ထည့်ရန် သီးသန့်သုံးသည့်အိတ်) ကို မြို့ထဲမှ စူပါမားကတ်နှင့် နှစ်ဆယ့်လေးနာရီစတိုးဆိုင်များ၌ ဝယ်ယူနိုင်ပါသည်။

**・အမှိုက်အမျိုးအစားများ (အဓိကပစ္စည်းများ)**

ဖန်ခွက်များ၊ ကြွေထည်များ (ပန်းကန်၊ ရေနွေးကြမ်းပန်းကန်၊ ပန်းအိုးစသည်)၊ အလူမီနီယံပြား၊ အလှကုန်ပုလင်းများ၊ ဓား၊ ကတ်ကြေး၊ မီးလုံး၊ ဆီဖြင့်ညစ်ပေနေသော ပုလင်းနှင့် သံဗူးများ စသည်
*မှန်အကွဲစသည်တို့မှာ အန္တရာယ်များသည့်အတွက် စက္ကူစသည်တို့ဖြင့် ထုပ်ပိုးပြီးမှ စွန့်ပစ်ရပါမည်။

**■ အရင်းအမြစ်အဖြစ်ပြန်သုံးနိုင်သောပစ္စည်းများစသည်**

အရင်းအမြစ်အဖြစ်ပြန်သုံးနိုင်သောအမှိုက် စွန့်ပစ်ရသည့်ရက်၌ စွန့်ပစ်ရပါမည်။ အရင်းအမြစ်အဖြစ်ပြန်သုံးနိုင်သောပစ္စည်းများစွန့်ပစ်ရမည့်နေရာရှိ သေတ္တာထဲသို့ ထည့်ရပါမည်။ သန့်စင်စွာဆေးကြောပြီးမှ စွန့်ပစ်ပါ။

**・အမှိုက်အမျိုးအစားများ (အဓိကပစ္စည်းများ)**

ရေသန့်ဗူးခွံများ၊ သောက်စရာနှင့်စားစရာထည့်သည့် ပုလင်း သို့မဟုတ် သံဗူးများ၊ အရွယ်အစားသေးငယ်သောသတ္တုပစ္စည်းများ (အကြော်ဒယ်အိုး၊ ဇွန်းနှင့်ခက်ရင်း၊ စပရေးသံဗူး စသည်)၊ အသေးစားအိမ်သုံးလျှပ်စစ်ပစ္စည်းများ (မိုဘိုင်းဖုန်း၊ ဆံပင်လေမှုတ်စက်၊ ဆံပင်ဖြောင့်စက် စသည်)၊ ထည့်စရာပစ္စည်းများကိုထုပ်ပိုးထားသည့်ပလတ်စတစ်များ (ပုလင်း၊ အိမ်သာစသည်တို့၌သုံးသော "Pura" အမှတ်အသားပါရှိသည့်အရာများ) စက္ကူအဟောင်းများ (ကတ်ထူစက္ကူ၊ စာအုပ်စသည်)၊ အဝတ်အထည်အဟောင်းများ (အနောက်တိုင်းဝတ်စုံအဟောင်းများ စသည်)

**■ အကြီးစားအမှိုက် (သတ်မှတ်ထားသောအိတ်ထဲ၌ မဆန့်သည့် ကြီးမားသောအမှိုက်)**

အကြီးစားအမှိုက်များကို စွန့်ပစ်လိုသည့်အခါ အကြီးစားအမှိုက်လက်ခံရေးကောလ်စင်တာ (ဖုန်း - 0942-37-3383) သို့ ဖုန်းခေါ်ဆိုပါ။
ပြီးလျှင် ဘဏ်စသည်တို့၌ "အမှိုက်စတစ်ကာ" ကို ဝယ်ပါ။ စွန့်ပစ်မည့်အမှိုက်၌ စတစ်ကာကပ်ပြီး သတ်မှတ်ထားသောနေရာ၌ စွန့်ပစ်ပါ။

・**အမှိုက်အမျိုးအစားများ (အဓိကပစ္စည်းများ)**

မိုက်ခရိုဝေ့ဖ်၊ ဘီရို၊ ဆိုဖာ၊ စက်ဘီး၊ ဖူတွန်၊ ခုတင် စသည်

**■ သတ်မှတ်ထားသောနေရာတွင် မစွန့်ပစ်နိုင်သော အမှိုက်များ**

လေအေးပေးစက်၊ ရေခဲသေတ္တာ၊ တီဗွီ၊ အဝတ်လျှော်စက်၊ ကွန်ပျူတာ အစရှိသည်တို့ကို စွန့်ပစ်၍ မရနိုင်ပါ။

・လေအေးပေးစက်၊ ရေခဲသေတ္တာ၊ တီဗွီ၊ အဝတ်လျှော်စက်၊ ကွန်ပျူတာ

⇒ဝယ်ယူခဲ့သောဆိုင်သို့ ဆက်သွယ်မေးမြန်းပါ။

**■ အမှိုက်စွန့်ပစ်နည်းကို ပိုမိုသိရှိလိုပါက အက်ပလီကေးရှင်းကို အသုံးပြုပါ။**

သင်နေထိုင်လျက်ရှိသည့် ကျောင်းနယ်မြေ၏အမည်ကို ထည့်သွင်းပါ။ အမှိုက်စွန့်ပစ်နည်းကို အသေးစိတ်သိရှိနိုင်မည် ဖြစ်ပါသည်။

① ညာဘက်ရှိ QR ကုဒ်ကိုဖတ်ပါ။ သို့မဟုတ် အောက်ပါ URL ကို ထည့်ပါ။

http://kurume.5374.jp/

② အက်ပလီကေးရှင်းစခရင် ပေါ်လာပါမည်။ စခရင်၏ညာဘက်အပေါ်ထောင့်ရှိ " ⋮ " ကိုနှိပ်ပါ။




① "ဘာသာပြန်ခြင်း" ကို ရွေးပါ။




② သင့်နိုင်ငံ၏ဘာသာစကားသို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။ အခြားဘာသာစကားသို့ ပြောင်းလဲလိုပါက ညာဘက်အောက်ခြေရှိ " ⋮ " ကိုနှိပ်ပါ။



# 8. ရေပိုက်လိုင်းအသုံးပြုမှုနှင့်စပ်လျဉ်း၍

ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာ ဖုန်း - 0942-30-8512

ရေပိုက်လိုင်းကို အသုံးပြုမည့်အခါ သို့မဟုတ် အသုံးပြုမှု ရပ်စဲမည့်အခါတို့တွင် ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာသို့ ဆက်သွယ်ရပါမည်။ သင် ရေအသုံးပြုပါက သတ်မှတ်ရက်မတိုင်မီအတွင်း ငွေပေးချေရန် လိုအပ်ပါသည်။

**■ ရေပိုက်လိုင်းကို ပထမဆုံးအကြိမ် အသုံးပြုမည့်အခါ**

ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာသို့ ဆက်သွယ်ရပါမည်။ နည်းလမ်းနှစ်ခုရှိပါသည်။ ပထမတစ်နည်းမှာ ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာသို့သွားပြီး အသိပေးခြင်းဖြစ်ပါသည်။ နောက်တစ်နည်းမှာ ဖုန်း သို့မဟုတ် အင်တာနက်တို့မှတစ်ဆင့် အသုံးပြုမည့်ရက်ကို ဆက်သွယ်အကြောင်းကြားရခြင်းဖြစ်ပါသည်။ ရေပိုက်လိုင်းအသုံးပြုလိုသည့်ရက်မတိုင်မီ 4 ရက်အလိုကို နောက်ဆုံးထားပြီး ဆက်သွယ်ရပါမည်။ မဆက်သွယ်ဘဲ ရေပိုက်လိုင်းအသုံးပြုမည်ဆိုပါက ရေထွက်လာတော့မည်မဟုတ်ပါ။ မဆက်သွယ်ဘဲသုံးထားသောသောရေအတွက် အခကြေးငွေကိုလည်း သင်မှ ပေးချေရမည်ဖြစ်ပါသည်။ မပျက်မကွက် ဆက်သွယ်ပါ။

・အင်တာနက်ဖြင့် ဆက်သွယ်ရမည့်လိပ်စာ

https://www.city.kurume.fukuoka.jp/1050kurashi/2090suidougasu/3120moushikomi/01.html

**■ အခကြေးငွေ (ရေပိုက်လိုင်းအသုံးပြုမှုအတွက် အခကြေးငွေ) ပေးချေခြင်း**

ရေပိုက်လိုင်းအသုံးပြုထားပါက အခကြေးငွေ ပေးချေရပါမည်။ အခကြေးငွေကို 2 လစာ ပေါင်းပြီး ပေးချေရပါသည်။

ငွေပေးချေမှုစလစ် (မည်သည့်ရက်မတိုင်မီအတွင်း မည်မျှပေးချေရမည်ဖြစ်ကြောင်း ရေးထားသောစာရွက်) ကို သုံးပြီး ဘဏ်၊ စာတိုက်၊ နှစ်ဆယ့်လေးနာရီစတိုးဆိုင်တို့၌ ပေးချေရပါမည်။

သတ်မှတ်ထားသည့်ရက်မတိုင်မီအတွင်း သင်မှ အခကြေးငွေ မပေးချေနိုင်ပါက ငွေပေးချေရန် ဆွေးနွေးမှုများ လုပ်ဆောင်နိုင်ပါသည်။ ရေပေးဝေရေးနှင့် စွန့်ပစ်ရေ အခကြေးငွေစင်တာမှ တာဝန်ရှိသူထံ “ငွေပေးချေတာ နောက်ကျလို့ရပါသလား” သို့မဟုတ် “ငွေပမာဏခွဲပြီး ပေးချေလို့ရပါသလား” ဟူ၍ မေးမြန်းနိုင်ပါသည်။ ထိုအတိုင်းထားလိုက်မည်ဆိုပါက ရေလာတော့မည်မဟုတ်ပါ။

**■ ရေပိုက်လိုင်းအသုံးပြုမှု ရပ်စဲမည့်အခါ**

ရေပိုက်လိုင်း မသုံးတော့မည့်ရက်ကို သတ်မှတ်ပြီးပါက ချက်ချင်း ဆက်သွယ်အကြောင်းကြားပါ။

ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာသို့သွားပြီး အသိပေးပါ သို့မဟုတ် ဖုန်းနှင့်အင်တာနက်တို့မှတစ်ဆင့် ဆက်သွယ်အကြောင်းကြားပါ။

・အင်တာနက်ဖြင့် ဆက်သွယ်ရမည့်လိပ်စာ

https://www.city.kurume.fukuoka.jp/1050kurashi/2090suidougasu/3120moushikomi/01.html

**■ Kurume City ရေပေးဝေရေးနှင့်စွန့်ပစ်ရေ အခကြေးငွေစင်တာ (Kurume City စီးပွားရေးလုပ်ငန်းဦးစီးဌာန၊ 1 လွှာ)**

2190-3 Aikawamachi, Kurume City, Fukuoka Prefecture, 839-8501 Tel: 0942-30-8512

# 9. သဘာဝဘေးအန္တရာယ်များ၊ ဘေးရှောင်စခန်းများနှင့်စပ်လျဉ်း၍

ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်တန်ပြန်အစီအမံဌာနခွဲ ဖုန်း - 0942-30-9074

ဂျပန်နိုင်ငံတွင် *တိုင်ဖွန်းမုန်တိုင်း၊ *မိုးသည်းထန်စွာရွာသွန်းခြင်း၊ *ငလျင်တို့ များစွာရှိပါသည်။ ပထမဦးစွာ မိမိ၏ခန္ဓာကိုယ်ကို ကာကွယ်ပါ။ သင့်အိမ် ဘေးကင်းလုံခြုံပါက အိမ်၌နေပါ။ သင့်အိမ် ဘေးမကင်းပါက ဘေးရှောင်စခန်း (အားလုံးတိမ်းရှောင်ရမည့်နေရာ) သို့ သွားပါ။ တိုင်ဖွန်းမုန်တိုင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ငလျင် စသည်တို့ကို “သဘာဝဘေးအန္တရာယ်” ဟု ခေါ်ပါသည်။ သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ထားခြင်း ကို “ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း” ဟု ခေါ်ပါသည်။

* တိုင်ဖွန်းမုန်တိုင်း - အလွန်ပြင်းထန်သည့်လေ တိုက်ခတ်ပါသည်။ အလွန်ပြင်းထန်သည့်မိုး ရွာပါသည်။ လေပြင်းထန်စွာတိုက်ခတ်ပါက အရာဝတ္ထုများ လွင့်ပျံပါမည်။ သစ်ပင်နှင့်ဓာတ်တိုင်များလည်း ကျိုးကျခြင်း၊ လဲကျခြင်း ဖြစ်နိုင်ပါသည်။ အိမ်များလည်း ပျက်စီးနိုင်ပါသည်။
* မိုးသည်းထန်စွာရွာသွန်းခြင်း - မိုးများစွာ ရွာသွန်းပါသည်။ မြစ်ရေ တိုးလာပါမည်။ လမ်းမနှင့်အိမ်များသို့ ရေတက်လာနိုင်ပါသည်။ တောင်နှင့်အိမ်များ ပြိုပျက်နိုင်ပါသည်။
* ငလျင် - မြေမျက်နှာပြင် လှုပ်ခတ်ပါသည်။ မည်သည့်အချိန်၌ ငလျင်လှုပ်ခတ်မည်ကို မည်သူမျှ မသိနိုင်ပါ။ မြေမျက်နှာပြင် လှုပ်ခတ်ပြီးနောက်တွင် လျှပ်စစ်နှင့် ဓာတ်ငွေ့လိုင်းများ၊ ရေပိုက်လိုင်းများ ရပ်တန့်သွားနိုင်ပါသည်။ အိမ်နှင့်လမ်းများ ပျက်စီးနိုင်ပါသည်။

## ■ မိမိ၏ခန္ဓာကိုယ်နှင့် မိသားစုကို ကာကွယ်ရန်အတွက် လုပ်ရမည့်အရာများ

သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့်အချိန်အတွက် သောက်စရာနှင့် စားစရာ စသည်တို့ကို အသင့်ပြင်ဆင်ထားရပါမည်။ သောက်စရာနှင့်စားစရာများ ဝယ်ပြီး အိမ်၌ ထားထားရပါမည်။ သင်၏နေ့စဉ်လူနေမှုဘဝ၌ သေချာပေါက် လိုအပ်မည့်အရာများ (အမြဲသောက်နေကျဆေးဝါးများ၊ နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်ကတ်ပြား၊ အဝတ်အစားစသည်) ကို တိမ်းရှောင်သည့်အချိန်၌ ချက်ချင်း သယ်ယူသွားနိုင်ရန် ဦးစွာ အသင့်ပြင်ထားရပါမည်။

မြို့အုပ်ချုပ်ရေးရုံးမှ ပြုလုပ်ထားသော “ဘေးအန္တရာယ်ပြမြေပုံ” ကိုသုံးပြီး သင်နေထိုင်လျက်ရှိသောနေရာနှင့် အလုပ်လုပ်ကိုင်နေသောနေရာတို့ အနီးအနားရှိ အန္တရာယ်များသောနေရာနှင့် ဘေးရှောင်စခန်းတို့ကို ရှာဖွေထားပါ။

・ဘေးအန္တရာယ်ပြမြေပုံ ဝက်ဘ်ဆိုက်ဖားရှင်း

・ဘေးအန္တရာယ်မှ မိမိကိုယ်ကိုယ်ကာကွယ်ရန်အတွက် ဘေးရှောင်ရန်လုပ်ဆောင်ချက်များ

## ■ ဘေးရှောင်စခန်း (အားလုံးတိမ်းရှောင်ရမည့်နေရာ) နှင့်စပ်လျဉ်း၍

Kurume City ၏ ဘေးရှောင်စခန်းများကို အောက်ပါ QR ကုဒ်မှတစ်ဆင့် ကြည့်ရှုနိုင်ပါသည်။ ကျောင်းနယ်မြေအလိုက် ဘေးရှောင်စခန်း မတူသောကြောင့် သင်နေထိုင်လျက်ရှိသည့် ကျောင်းနယ်မြေကို ရှာဖွေပါ။

သဘာဝဘေးအန္တရာယ် မည်သည့်အချိန်၌ ဖြစ်ပွားမည်ကို မည်သူမျှ မသိနိုင်ပါ။ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ချိန်၊ မိုးသည်းထန်စွာရွာသွန်းချိန်၊ ငလျင်လှုပ်ခတ်ချိန်တို့အလိုက် တိမ်းရှောင်ရမည့် ဘေးရှောင်စခန်းများ မတူပါ။

သင်နေထိုင်လျက်ရှိသည့်နေရာ သို့မဟုတ် အလုပ်လုပ်ကိုင်လျက်ရှိသည့်နေရာ အနီးအနားမှ ဘေးရှောင်စခန်းများကို ရှာဖွေထားပါ။

・ဘေးရှောင်စခန်းစာရင်း

# 10. လိုအပ်လာနိုင်သည့်အခြေအနေအတွက် သိထားရမည့်အချက်များ

■ **လိုအပ်လာနိုင်သည့်အခြေအနေအတွက် ဆက်သွယ်ရမည့်နေရာများဖြစ်ပါသည်။**

ပထမဦးစွာ သင်၏အမည်နှင့် ဖုန်းနံပါတ်ကို ပြောပြပါ။

| | ဖုန်းနံပါတ် | ဆက်သွယ်ရမည့်အခြေအနေ | ပြောပြရမည့်အကြောင်းအရာများ |
|---|---|---|---|
| ရဲစခန်း | 110 | ယာဉ်မတော်တဆမှုဖြစ်ပွားပါက | ① မည်သည့်အချိန် မည်သည့်နေရာ၌ မတော်တဆမှုဖြစ်ပွားခဲ့ပါသနည်း။<br>② မည်ကဲ့သို့သော မတော်တဆမှု ဖြစ်ပါသနည်း။ (လူနှင့်ကား တိုက်မိသွားပါသည်။ စသည်ဖြင့်)<br>③ ထိခိုက်ဒဏ်ရာရသူ ရှိပါသလား။ |
| | | ရာဇဝတ်မှုနှင့် ကြုံတွေ့သောခါ | ① မည်ကဲ့သို့သောရာဇဝတ်မှုမျိုး ဖြစ်ပါသနည်း။ (အိတ်အခိုးခံလိုက်ရပါသည်။ စသည်ဖြင့်)<br>② ရာဇဝတ်မှုသည် မည်သည့်နေရာ၌ ဖြစ်ပွားခဲ့ပါသနည်း။<br>③ သင်သည် ရာဇဝတ်မှုနှင့် ကြုံခဲ့ရပါသလား။ |
| မီးသတ်ဌာန | 119 | ရုတ်တရက် နာမကျန်းဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်ပါက | ① နာမကျန်းဖြစ်ခြင်းလား။ ထိခိုက်ဒဏ်ရာရခြင်းလား။<br>② နာမကျန်းဖြစ်သည့်သူ သို့မဟုတ် ထိခိုက်ဒဏ်ရာရသည့်သူသည် မည်သည့်နေရာ၌ ရှိပါသနည်း။<br>③ နာမကျန်းဖြစ်သည့်သူ သို့မဟုတ် ထိခိုက်ဒဏ်ရာရသည့်သူသည် မည်သူဖြစ်ပါသနည်း။ မည်ကဲ့သို့ ဖြစ်ပါသနည်း။ |
| | | မီးလောင်မှုဖြစ်ပါက | ① "မီးလောင်နေပါတယ်" ဟု ပြောပါ။<br>② မည်သည့်နေရာ၌ မီးလောင်နေပါသနည်း။<br>③ ဘာကို မီးလောင်နေပါသနည်း။ (အိမ် သို့မဟုတ် အမှိုက် စသည်)<br>④ ထိခိုက်ဒဏ်ရာရထားသူ သို့မဟုတ် ထွက်မပြေးနိုင်သောသူ ရှိပါသလား။ |

■ **ပစ္စည်းပျောက်ခြင်း၊ ကောက်ရခြင်း ဖြစ်သည့်အခါ**

သင်၏ မိုဘိုင်းဖုန်း သို့မဟုတ် ပိုက်ဆံအိတ် စသည့် ပစ္စည်းများ ပျောက်သွားသည့်အခါ Kurume ရဲစခန်း (0942-38-0110) သို့ ဖုန်းဆက်ပါ။ ရဲမှ ဖုန်းဖြေဆိုပါက ① နှင့် ② ကို ပြောပြပါ။

① မည်သည့်အချိန်၊ မည်သည့်နေရာ၌ မည်သည်ကို ပျောက်ဆုံးခဲ့ပါသနည်း။

② သင်၏အမည်နှင့်ဖုန်းနံပါတ်မှာ ဘာဖြစ်ပါသနည်း။

ပိုက်ဆံ သို့မဟုတ် လက်ကိုင်အိတ် စသည့် ပစ္စည်းများကို သင်မှ ကောက်ရသည့်အခါ အနီးအနားရှိ ရဲစခန်းသို့ ယူသွားပါ။ ရဲစခန်းမှ ရဲအား ① နှင့် ② ကို ပြောပြပါ။

① မည်သည့်အချိန်၊ မည်သည့်နေရာ၌ မည်သည်ကို ကောက်ရခဲ့ပါသနည်း။

② သင်၏အမည်နှင့်ဖုန်းနံပါတ်မှာ ဘာဖြစ်ပါသနည်း။

**■ စက်ဘီးစီးသည့်အခါ အာမခံ ဝင်ထားရပါမည်။ ထို့အပြင် ဟဲလ်မက်ကို ဆောင်းရပါမည်။**

ကျောင်း သို့မဟုတ် အလုပ်သို့သွားရန် စက်ဘီးစီးသည့်သူများသည် စက်ဘီးအာမခံ ဝင်ထားရန်လိုအပ်ပါသည်။ အကယ်၍ သင်စက်ဘီးစီးနေစဉ်အတွင်း လူတစ်ဦးနှင့်တိုက်မိပြီး ထိုသူဒဏ်ရာရသွားပါက အာမခံကုမ္ပဏီမှ ပိုက်ဆံပေးချေမည်ဖြစ်ပါသည်။ သင်ဒဏ်ရာရသည့်အခါ၌လည်း ဆေးရုံစရိတ်စသည် တို့ကို အာမခံကုမ္ပဏီမှ ပေးချေမည်ဖြစ်ပါသည်။ ထို့ကြောင့် သင်စက်ဘီးဝယ်ခဲ့သည့်ဆိုင်၌ စက်ဘီးအာမခံနှင့်ပတ်သက်ပြီး ဆွေးနွေးပါ။ ထို့အပြင် သင့်ကို ကာကွယ်ပေးနိုင်ရန်အတွက် စက်ဘီးစီးသည့်အချိန်၌ ဟဲလ်မက်ဆောင်းပါ။

ဤလမ်းညွှန်စာအုပ်နှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက

Kurume မြို့အုပ်ချုပ်ရေးရုံး၊ ပြည်သူ့ဆက်ဆံရေးနှင့် အတိုင်ပင်ခံဌာနခွဲ၊ နိုင်ငံခြားသားများ ဆွေးနွေးမှုပြုနိုင်သည့်ကောင်တာ (6 လွှာ)။

ဖုန်း - 0942-30-9096

ဖက်စ် - 0942-30-9711

အီးမေးလ် - sodan@city.kurume.lg.jp